# မြန်မာနိုင်ငံရှိ ဖက်ဒရယ်ဘဏ္ဍာရေးစနစ်

## ဦးဆောင်ဆွေးနွေးသူအတွက် မှတ်စု

မြန်မာဘာသာ

USAID
FROM THE AMERICAN PEOPLE

The Asia Foundation

## လေးစားရပါသော သင်တန်းဆရာများနှင့် ဦးဆောင်ဆွေးနွေးသူများသို့

ဤလမ်းညွှန်ချက်သည် မြန်မာနိုင်ငံရှိ ဖက်ဒရယ်ဘဏ္ဍာရေးစနစ် သင်ရိုးညွှန်းတမ်းအား အသုံးပြုရာတွင် လိုအပ်သည့်သတင်းအချက်အလက်များ ထောက်ပံ့ပေးပါမည်။

အောက်ပါ tool များသည် သင့်အတွက်ဖြစ်ပါသည်။

- **သင်တန်းသားများအတွက် မှတ်စုကဏ္ဍပါရှိသည့် မြန်မာနိုင်ငံရှိ ဖက်ဒရယ်ဘဏ္ဍာရေးစနစ် လက်စွဲစာအုပ်**
  (အင်္ဂလိပ်၊ မြန်မာ၊ ကချင်၊ ကရင် နှင့် ရှမ်းဘာသာစကားများဖြင့် ရရှိနိုင်ပါသည်)။
- **မြန်မာနိုင်ငံရှိ ဖက်ဒရယ်ဘဏ္ဍာရေးစနစ် ပါဝါပွိုင့်ဆလိုက်တစ်စုံ**
  (အင်္ဂလိပ်၊ မြန်မာ၊ ကချင်၊ ကရင် နှင့် ရှမ်းဘာသာစကားများဖြင့် ရရှိနိုင်ပါသည်)။
- **အောက်ပါ သင်ခန်းစာများပါဝင်သော မြန်မာနိုင်ငံရှိ ဖက်ဒရယ်ဘဏ္ဍာရေးစနစ် သင်ရိုးညွှန်းတမ်း**
  အပိုင်း ၁။ ဖက်ဒရယ်ဘဏ္ဍာရေးစနစ်အား မိတ်ဆက်ခြင်း
  အပိုင်း ၂။ ဗဟိုထိန်းချုပ်မှု လျှော့ချခြင်း၊ ဝင်ငွေမျှဝေခြင်းနှင့် လူမှုဖွံ့ဖြိုးရေး
  အပိုင်း ၃။ ဖက်ဒရယ် ဘဏ္ဍာရေးစနစ်နှင့် ဘဏ္ဍာရေးအရ တန်းတူညီမျှစေခြင်း
  အပိုင်း ၄။ ဖက်ဒရယ် ဘဏ္ဍာရေးစနစ်နှင့် သဘာဝသယံဇာတ အရင်းအမြစ်များ
  အပိုင်း ၅။ ဖက်ဒရယ် ဘဏ္ဍာရေးစနစ်နှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ၊ အခြေခံအဆောက်အအုံများနှင့် လူသားရင်းမြစ်များ
  အခန်း ၆။ ဖက်ဒရယ် ဘဏ္ဍာရေးနစ်နှင့် မြန်မာနိုင်ငံရှိ ငြိမ်းချမ်းရေးဆွေးနွေးခြင်းဆိုင်ရာ လုပ်ငန်း

အထက်ပါ စာရွက်စာတမ်းများအား သင်ခန်းစာတစ်ခုချင်းစီ သို့မဟုတ် မတူညီသောဘာသာစကားအလိုက် သင်ခန်းစာ ၆ခုစလုံး အားဒေါင်းလုတ်လုပ်၍ ရယူနိုင်ပါသည်။ စာရွက်စာတမ်းများအားလုံးကို အာရှဖောင်ဒေးရှင်း၏ ဝဘ်ဆိုက် www.asiafoundation.org/where-we-work/myanmar/ တွင် ဒေါင်းလုတ် လုပ်နိုင်ပါသည်။

အောက်ဖော်ပြပါမှတ်စုများသည် သင်ရိုးညွှန်းတမ်းတစ်ခုလုံးကို ပြည့်ဝစွာလွှမ်းခြုံနိုင်မှုမရှိပါ။ အထူးသဖြင့်ရှင်းပြရန်လိုအပ်သော အဓိကအပိုင်းများကိုသာ ထုတ်နုတ်ထားပါသည်။ အဖွဲ့လိုက်လုပ်ဆောင်သည့်ကဏ္ဍများတွင် ဦးဆောင်ညွှန်ကြားနိုင်ရန် လမ်းညွှန်ချက်များနှင့် အဖွဲ့လိုက်ဆွေးနွေးမှုများကို တွန်းအားပေးနိုင်မည့်အကြံပြုချက်များ ပါဝင်ပါသည်။

အကယ်၍ သင့်အနေဖြင့် မေးလိုသည်များရှိလျှင် သို့မဟုတ် လိုအပ်သည့်အကူအညီများရှိလျှင် အာရှဖောင်ဒေးရှင်းမှ
Nicola Williams, Peace Team Manager, nicola.williams@asiafoundation.org နှင့်
Kyaw Myo Oo, Senior Program Officer, kyaw.oo@asiafoundation.org တို့ထံတွင် ဆက်သွယ်မေးမြန်းနိုင်ပါသည်။










သင်ရိုးညွှန်းတမ်းပါအကြောင်းအရာများတွင်ပါဝင်သည့် ပြောကြားချက်များ -

➔ ဤသင်ခန်းစာများသည် ဖက်ဒရယ်နိုင်ငံများရှိ အများပြည်သူနှင့်ဆိုင်သော ဘဏ္ဍာရေးကိစ္စများအား စီမံခန့်ခွဲရေးကို အထူးပြုထားပါသည်။ ဖက်ဒရယ်စနစ်တွင် ငွေကြေးဆိုင်ရာ ကိစ္စရပ်အငြင်းပွားမှုများသည် ဖြစ်နေကျအရာများဖြစ်သည်။ ထို့ကြောင့် ဖက်ဒရယ်ဘဏ္ဍာရေးစနစ် မည်သို့အလုပ်လုပ်ကြောင်းကို သိရှိနားလည်ခြင်းသည် ဖက်ဒရယ်စနစ်ကျင့်သုံးသည့်အစိုးရတစ်ရပ်ကို အကောင်အထည်ဖော်ရာတွင် သော့ချက်ဖြစ်သည်။

➔ လက်ရှိမြန်မာနိုင်ငံ၏ အစိုးရအတွင်း ဘဏ္ဍာရေးအစီအစဉ်များ နှင့် ဂင်ငွေခွဲဝေမှု၊ အခွန်ငွေဟန်ချက်ညီမှု၊ လွှဲပြောင်းခြင်းနှင့်ထောက်ပံ့ခြင်း၊ တန်းတူညီမျှခြင်းစသည့် ဖက်ဒရယ်ဘဏ္ဍာရေးစနစ်၏ အဓိကစီးပွားရေးလုပ်ကွက်များအား ဤသင်ခန်းစာများတွင် ပိုင်းခြားလေ့လာရမည်။


## အပိုင်း (၁)

# ဘဏ္ဍာရေးဆိုင်ရာ ဖက်ဒရယ်စနစ်အား မိတ်ဆက်ခြင်း




သင်တန်းသားများတွေ့ကြုံလာနိုင်သည့် သိသာသည့်စိန်ခေါ်မှုများ

- ➔ ဤအစောပိုင်းသင်ခန်းစာတွင် ပညာရပ်ဝေါဟာရအသစ်များ အများအပြားတွေ့ရှိရလိမ့်မည်။ ပထမပိုင်းတွင် ထိုအရာများသည်အနည်းငယ် ခက်ခဲနေတတ်ပြီး ပညာရပ်ဆန်သော အသုံးအနှုန်းများဖြစ်နေလိမ့်မည်။
- ➔ ကျေးဇူးပြု၍ ၎င်းတို့ကိုကိုးကားရန်အတွက် နည်းပြလက်စွဲ၏ ပညာရပ်ဆိုင်ရာဝေါဟာရအခန်းအား အသုံးပြုပါ။ ပညာရပ်ဆိုင်ရာဝေါဟာရ အခန်းသည် သင်ခန်းစာ၏အစ နှင့် သင်ရိုးညွှန်းတမ်း၏ နောက်ဆုံးအပိုင်းတွင်ပါဝင်ပါသည်။
- ➔ သင်ခန်းစာများအား လေ့လာရင်းဖြင့် ပိုမိုလွယ်ကူလာပါလိမ့်မည်။
- ➔ ကျွန်တော်တို့အတူတစ်ကွ အပြန်အလှန်ဆွေးနွေးပြီး ဤအယူအဆများကို မြန်မာနိုင်ငံအခြေအနေနှင့်ကိုက်ညီအောင် ဆက်စပ်၍ အသုံးပြုကြပါမည်။





PAGE 03

- ➔ သင်တန်းသားများအား ထိုအခန်းကို အသုံးပြုထားသောဝေါဟာရများဖြင့်ဖတ်ရှုခိုင်းပါ။ ၎င်းတို့အနေဖြင့် အောက်ပါဝေါဟာရများအတွက် ရှင်းပြချက်များ လိုအပ်ကောင်းလိုအပ်လိမ့်မည်။
- ➔ ထိုအထဲတွင် **ရင်းမြစ်အခြေ** လည်းအပါအဝင်ဖြစ်သည်။ ၎င်းသည် အခွန်ဝင်ငွေများကို ကောက်ခံရယူသည့်နေရာအလိုက် ဝင်ငွေခွဲဝေမှုဖြစ်ကြောင်း အဓိပ္ပါယ်ဖွင့်ဆိုချက်အား ဖတ်ကြားရှင်းလင်းပြပါ။
- ➔ **စီးပွားရေးအစုအရုံး** ဆိုသည်မှာ တစ်နိုင်ငံလုံးဆိုင်ရာစီးပွားရေးအစုအစည်းအတွက် အတူတကွလုပ်ဆောင်လျှက်ရှိသော ကွဲပြားသည့် အစိုးရအုပ်ချုပ်မှုအဆင့်များကို ဆိုလိုခြင်းဖြစ်သည်။




PAGE 04

- ➔ လူမှုရေးအစုအရုံး ဆိုသည်မှာ နိုင်ငံသားများအတွက်ဂန်ဆောင်မှုများသည် ကျယ်ပြန့်စွာလက်လှမ်းမှီနိုင်မှုကို သေချာစေသော ကွဲပြားသည့် အစိုးရအုပ်ချုပ်မှုအဆင့်များရှိ (နိုင်ငံအဆင့်၊ ပြည်နယ်အဆင့် မှ ဒေသန္တရအဆင့်သို့) လူမှုအစီအစဉ်များ၏သဟဇာတဖြစ်မှုကို ဆိုလိုပါသည်။
- ➔ ထောက်ပံ့ငွေ ကိုအစိုးရထံမှ တိုက်ရိုက်ရယူနိုင်ပြီး တိုက်ရိုက်ပေးပို့နိုင်ကြောင်း ခြားနားထားမှုသည်အလွန်ပင်အဖိုးတန်ပါသည်။ ဥပမာ ပြည်ထောင်စုမှ ပြည်နယ်သို့မဟုတ်တိုင်းဒေသကြီးအစိုးရထံသို့ ထောက်ပံ့ငွေ၊ အလှူရှင်များထံမှ သို့မဟုတ် နိုင်ငံတကာ အဖွဲ့အစည်းများထံမှ လက်ခံရရှိသည့် ဝင်ငွေတစ်ခုတည်းမဟုတ်သော ထောက်ပံ့ငွေ သို့မဟုတ် ငွေလွှဲပြောင်းမှု။ ထိုအရာများအားလုံးသည် ထောက်ပံ့ငွေ များဖြစ်ကြသည်။ သို့သော် ထောက်ပံ့ငွေအမျိုးအစားများစွာရှိပါသည်။ ဤသင်ခန်းစာနှင့် အခြားသောသင်ခန်းစာများတွင် အစိုးရမှ အစိုးရသို့ ပေးသော ထောက်ပံ့ငွေများကို အဓိကထားမည်ဖြစ်သည်။




PAGE 05


- ➔ အခွန်ငွေဟန်ချက်ညီမှု နှင့် သုံးစွဲခြင်းဆိုင်ရာအခွင့်အာဏာ တို့၏ ရှင်းပြချက်များကို မျှဝေပါ။
- ➔ အခွန်ငွေဟန်ချက်ညီမှု သည်ဘုံမူဂါဒတစ်ခုအား ချမှတ်ရာတွင် အမျိုးမျိုးသောအခွင့်အာဏာများအကြား အခွန်ငွေ ချိန်ညှိချက်လုပ်ငန်းစဉ်ဖြစ်ပါသည်။
- ➔ သုံးစွဲခြင်းဆိုင်ရာအခွင့်အာဏာ သည်ဥပဒေပြုရေးမှ အုပ်ချုပ်ရေး (အစိုးရ) သို့ အများပြည်သူဆိုင်ရာရန်ပုံငွေများကို ခွင့်ပြုထားသောရသုံးငွေစာရင်းနှင့် အညီ သုံးစွဲရန်အတွက် ပေးအပ်ထားသောအခွင့်အာဏာဖြစ်ပါသည်။
- ➔ အဓိကကျသော ဝေါဟာရအနည်းငယ်အားရှင်းပြပြီးနောက်တွင် သင်ခန်းစာအား ဆက်မသွားခင် မေးလိုသည်များရှိမရှိနှင့် ရှင်းလင်းလိုသည့် အချက်များရှိမရှိကို မေးမြန်းပါ။




PAGE 06

→ ပြည်ထောင်စုအဆင့်နှင့် ဒေသန္တရအဆင့်အစိုးရတွင် ရှိသော အာဏာများကို ဥပမာများဖြင့်ရှင်းပြပါ။

- ■ ပြည်ထောင်စုအစိုးရထံသို့ ပေးအပ်ထားသော ဆုံးဖြတ်ချက်ချမှတ်သည့် အာဏာများတွင် အောက်ပါလုပ်ငန်းများပါဝင်ပါသည်။
  - ကာကွယ်ရေးလုပ်ငန်းများ
  - နယ်စပ်လုံခြုံရေး
  - နိုင်ငံခြားရေး
- ■ ပြည်နယ်/ဒေသန္တရအဆင့် အစိုးရထံသို့ ပေးအပ်ထားသော ဆုံးဖြတ်ချက်ချ မှတ်သည့် အာဏာ များတွင် အောက်ပါ လုပ်ငန်းများ ပါဝင်ပါသည်။
  - ကျန်းမာရေးဝန်ဆောင်မှု လုပ်ငန်းများ
  - ပညာရေးဝန်ဆောင်မှုလုပ်ငန်းများ
  - ဒေသန္တရလမ်းဆောက်လုပ်ရေးလုပ်ငန်းများ
- ■ အချင်းချင်းအကြား ခွဲဝေသော ဆုံးဖြတ်ချက်ချမှတ်သည့် အာဏာများမှာ
  - ပြည်နယ်များကို ဖြတ်သန်းသော အဝေးပြေးလမ်းဆောက်လုပ်ခြင်း လုပ်ငန်းများ
  - သဘာဝဘေးပြန်လည်ထူထောင်ရေး လုပ်ငန်းများ




PAGE 07

→ ဆလိုက်များရှိ ဘူးလက်ပိုင့်များအားဖြည့်စွက်ရလျှင် မြန်မာနိုင်ငံတွင် ဖက်ဒရယ်စနစ်၏ ဂိသေသလက္ခဏာများပေါ် ပေါက်လျှက်ရှိရာ လက်ရှိအာဏာခွဲဝေခြင်းအဆင့်သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း အဖွဲ့အစည်းများအကြား အငြင်းပွားဖွယ်ရာ ကိစ္စရပ်အဖြစ်ကျန်ရှိနေခဲ့သည်။

→ ဖက်ဒရယ်စနစ်၏ဆန့်ကျင်ဖက်အနေဖြင့် အစိုးရတစ်စုပေါင်းစည်းမှုပုံစံသည် နိုင်ငံအတွင်းရှိနယ်မြေများအားလုံးအပေါ်ရှိ အဆင့်မြင့်ဆုံးအာဏာကိုင်စွဲထားသော ဗဟိုအစိုးရတစ်ရပ်ဖြစ်သည်။


→ ပြည်နယ်အများစုတွင် ဒေသန္တရအစိုးရများအား ရံဖန်ရံခါတွင် နိုင်ငံ၏မူဝါဒများကို လုပ်ဆောင်ရမည့် အုပ်ချုပ်ရေးယူနစ်များအဖြစ်ရှုမြင်သည့် ထိုကဲ့သို့သော အစိုးရပုံစံရှိကြပါသည်။

→ ကုလသမဂ္ဂအဖြစ်ပေါင်းစည်းထားသော ၁၉၃နိုင်ငံများအနက် အများဆုံး ၂၉နိုင်ငံသာလျှင် ဖက်ဒရယ် အစိုးရစနစ်ကို ကျင့်သုံးကြသည်။ ကမ္ဘာ့လူဦးရေ၏ ၄၅%ကျော်ကျော်သာလျှင် ဖက်ဒရယ်စနစ်ဖြင့် အုပ်ချုပ်ခြင်းခံရသည်။





PAGE 08

→ ရုပ်ပုံပါ အချက်အလက်များအား ဖတ်ပြပြီးနောက် ဘဏ္ဍာရေးအစီအစဉ်များသည် လူမှုရေးနှင့် စီးပွားရေး အစုအရုံးကြားရှိ မျဉ်းစက်များဖြစ်ကြောင်း ပြောပြပါ။ ဖက်ဒရယ်ဘဏ္ဍာရေးစနစ်သည် ၎င်းတို့အားအတူပူးပေါင်းစေသည့်အချိတ်အဆက် ဖြစ်သည်။




PAGE 09

- ဖက်ဒရယ်နိုင်ငံအများစုတွင် အစိုးရအဆင့် တစ်ဆင့်ချင်းစီ၏ သုံးစွဲမှုဆိုင်ရာ အခွင့်အာဏာသည် ဥပဒေပြုရေးနှင့် စီမံအုပ်ချုပ်ရေးဆိုင်ရာ တရားစီရင်ပိုင်ခွင့်ရှိ နယ်မြေများတွင်ပင် တင်းတင်းကျပ်ကျပ်ကန့်သတ်ထားခြင်းမရှိကြောင်းကို အသားပေး ပြောကြားပါ။
- သုံးစွဲခြင်းဆိုင်ရာအခွင့်အာဏာ သည်ဥပဒေပြုရေးမှ အုပ်ချုပ်ရေး (အစိုးရ) သို့ အများ ပြည်သူဆိုင်ရာရန်ပုံငွေများကို ခွင့်ပြုထားသောရသုံးငွေစာရင်းနှင့်အညီသုံးစွဲရန်အတွက် ပေးအပ်ထားသောအခွင့်အာဏာဖြစ်ပါသည်။




PAGE 10


- ဖက်ဒရယ်ဘဏ္ဍာရေးစနစ်တွင် ကဏ္ဍကြီး ၄ ခုရှိပါသည်။ ဤအယူအဆအား စီးပွားရေး ပါမောက္ခ Paul Hobson နှင့်အတူ ဖက်ဒရယ်ဘဏ္ဍာရေးစနစ်အား ရေးဆွဲပြုစုလျက်ရှိသည်။

က။ **အခွန်ခြေများ - သီးသန့်အခွန်ခြေများနှင့် ခွဲဝေထားသောအခွန်ခြေများ။** မည်သည့်အစိုးရအဆင့်သည် မည်သည့်အရင်းအမြစ်များအတွက် အခွန်ငွေကောက်ခံခွင့်ရှိသနည်း။ မည်သည့်အစိုးရအဆင့်သည် မည်သည့်အရင်းအမြစ်များအတွက် အခွန်ငွေကောက်ခံခွင့်ရှိသနည်း။ မတူညီသည့်အစိုးရအဆင့်များတွင် တူညီသောအခွန်ခြေအတွက်ကောက်ခံခွင့်ရှိပါသလား (ဥပမာ ခွဲဝေထားသောအခွန်ခြေများ)

ခ။ **ဂင်ငွေခွဲဝေမှုအစီအစဉ် - အခွန်ဂင်ငွေနှင့် သဘာဂအရင်းအမြစ်ဆိုင်ရာဂင်ငွေများ** ကွဲပြားသောအစိုးရအဆင့်များအကြား ဂင်ငွေခွဲဝေမှုအတွက် မည်သည့် အစီအစဉ်များလုပ်ဆောင်သနည်း။

ဂ။ **ဟန်ချက်ညီမှုရှိခြင်း - အခွန်အခများနှင့် အသုံးစရိတ်များ** အခွန်အခများနှင့် အသုံးစရိတ်များသည် မတူညီသည့်ပြည်နယ်များတွင် မည်မျှခြားနားသနည်း။ မည်သည့်ပမာဏ ခြားနားနိုင်မည်နည်း။

ဃ။ **ငွေလွှဲပြောင်းခြင်းနှင့် ထောက်ပံ့ငွေများပေးအပ်ခြင်း - တန်းတူညီမျှခြင်းနှင့် "ဖက်ဒရယ် သုံးစွဲခြင်းဆိုင်ရာအခွင့်အာဏာ" အသုံးပြုမှု** ကွဲပြားသောအစိုးရအဆင့်များအကြား ငွေကြေးများကို မည်သို့လွှဲပြောင်းသနည်း။ ဖက်ဒရယ်အစိုးရသည် မတူညီသည့်ပြည်နယ်များ၏ ဂင်ငွေအား ညီမျှခြင်းနှင့် တန်းတူညီမျှမှုမြှင့်တင်ခြင်းကို မည်သည့်အတိုင်းအတာအထိလုပ်ဆောင်သနည်း။




PAGE 11

ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတို့ရှိ အဓိကကျသောလုပ်ငန်းတာဝန်များ အကြောင်းပြောဆိုရာတွင် အောက်ပါတို့ကို ဦးစားပေးတင်ပြပါ။

- ➔ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဗဟိုချုပ်ကိုင်မှုလျှော့ချရေးဆီသို့ ဦးတည်သည့် အစိုးရအလွှာတစ်ခုကို ဖန်တီးခဲ့သည်။
- ➔ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေမှ ဖန်တီးသော ပြည်နယ်/တိုင်းဒေသကြီးအစိုးရများတွင် ကဏ္ဍသုံးရပ်ရှိပါသည်။ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတို့ဖြစ်ကြသည်။
- ➔ မြန်မာနိုင်ငံတွင် အစိုးရအဆင့်၂ဆင့်အတွက် ပြဌာန်းချက်ရှိသော်လည်း ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေရှိ ဒေသန္တရအစိုးရ သို့မဟုတ် တတိယအလွှာအစိုးရအတွက် ပြဌာန်းချက်မရှိပါ။
- ➔ မြန်မာနိုင်ငံတွင် ဒေသန္တရအုပ်ချုပ်ရေး ရှိသော်လည်း ဒေသန္တရအစိုးရမရှိပါ။
- ➔ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေရှိ ဒေသန္တရအုပ်ချုပ်ရေးနှင့် ဒေသန္တရအစိုးရအားအဓိပ္ပါယ်ဖွင့်ဆိုနိုင်သည့်ရှုထောင့်များသည် ရောထွေးလျက်ရှိသည်။ ဒေသန္တရအစိုးရအကြောင်းကို နောက်အခန်းတွင်ပိုမိုဆွေးနွေးမည်ဖြစ်သည်။




PAGE 12

- ➔ သင်တန်းသားများအား ပေးထားသော သင်ခန်းစာဆိုင်ရာစာရွက်များအားဖတ်ရှုရန်တိုက်တွန်းပါ။ (ဇယား ၂ နှင့် ၅)
- ➔ ဇယား ၁ ၏အဓိကအပိုင်းများဖြစ်သော ပြည်ထောင်စုအစိုးရ၏အာဏာ၊ ဇယား ၂ ပြည်နယ်နှင့် ပြည်ထောင်စု၏ အာဏာနှင့်တာဝန်ဝတ္တရားများ စာရင်းနှင့် ဇယား ၅ ပြည်နယ်နှင့်တိုင်းဒေသကြီးတို့၏အခွန်နှင့်အကောက်များစာရင်းတို့အား ဦးစားပေးတင်ပြပါ။
- ➔ ဇယား ၁ ရှိ ကဏ္ဍ ၄ ခုမှာ ဥပမာများသာဖြစ်ကြောင်း ဖွဲ့စည်းပုံဥပဒေတွင် များစွာရှိသေးကြောင်း ဦးစားပေးတင်ပြပါ။




PAGE 13

- ➔ သင်တန်းသားများအား သင်ခန်းစာဆိုင်ရာစာရွက်များဖြစ်သော ၂၀၁၅ ခုနှစ်အတွင်း ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်အား ဖတ်ရှုရန်ပြောကြားပါ။
- ➔ ဆလိုက်များရှိ အဓိကအချက်များအားပြောကြားပါ။
- ➔ ဓာတ်သတ္တုတူးဖော်ခြင်းနှင့် တွင်းထွက်ပစ္စည်းများ၊ ရေနံနှင့်သဘာဝဓါတ်ငွေ့ စသည့်ကဏ္ဍများအပါအဝင် မျှော်လင့်မထားသည့် အခွန်ကောက်ခံနိုင်သည့် အခွန်ခြေများအများအပြားရှိကြောင်းကို ဦးစားပေးတင်ပြပါ။
- ➔ "ပြည်ထောင်စုမှ ပြဌာန်းထားသောဥပဒေနှင့်အညီ" ဟူသော ဆက်တိုက်ညွှန်းဆိုသောအချက်သည် "မရှင်းလင်းသော စကားရပ်များ" ဖြစ်သည်။ တာဝန်ဝတ္တရားများကို ရှင်းရှင်းလင်းလင်းသိရန်အတွက် ပြည်ထောင်စုဥပဒေမရှိသော လက်တွေ့အခြေအနေများတွင် ထိုစကားစုသည် မည်သည်ကို ဆိုလိုကြောင်းမရှင်းလင်းပေ။ မည်သို့ပင်ဆိုစေကာမူ ထိုမရှင်းလင်းမှုသည်ပင် ဖွဲ့စည်းပုံအခြေခံဥပဒေအား ကြားဝင်နိုင်သောအခွင့်အရေးတစ်ခုအဖြစ် ရှုမြင်နိုင်ပါသည်။





PAGE 14

- သင်တန်းသားများအား ၄င်းတို့၏စားပွဲ၌ သို့မဟုတ် အခန်းထဲရှိ နေရာများ၌ အဖွဲ့ငယ်များအဖြစ်ခွဲရန်ညွှန်ကြားပါ။
- ဆွေးနွေးရမည့်မေးခွန်းများအား ပေးပါ။ မေးခွန်းများအား ဆွေးနွေးခြင်းမပြုမီ ၄င်းတို့၏ သင်ခန်းစာဆိုင်ရာစာရွက်များအားဖတ်ရှုစေပါ။
- ဆွေးနွေးမှုအတွင်းတွင် ပါဝင်လာနိုင်သော အခြားခေါင်းစဉ်များမှာ
  - သင့်အနေဖြင့် ၂၀၁၅ ပြင်ဆင်ချက်ကို သတိထားမိသလား။
  - ၂၀၁၅ ပြင်ဆင်ချက်ရှိ အကြောင်းအရာများတွင် ထူးခြားသောအကြောင်းအရာများရှိပါသလား။ ရှိလျှင် မည်သည့်အကြောင်းအရာများဖြစ်သနည်း။




PAGE 15

- ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေသည် လွှတ်တော်များ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရများအား ဥပဒေပြုရေးတာဝန်များ ပေးအပ်ခြင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအုပ်ချုပ်ရေးအရာရှိများအား ဝင်ငွေများစုဆောင်းခွင့်နှင့်သုံးစွဲခွင့်များအပ်နှင်းခြင်းတို့ အပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရများကို တရားဝင်ဖွဲ့စည်းခဲ့ပါသည်။
- ပြည်နယ်ဖွဲ့စည်းပုံနှင့် အဆင့်ဆင့်သောအစိုးရများအကြောင်းကို ရုပ်ပုံကားချပ်များအကြောင်း ပြောဆိုခြင်းမှတစ်ဆင့် ဦးစားပေးတင်ပြပါ။




PAGE 16

- အမြင်အရ ပြည်နယ်/တိုင်းဒေသကြီးအစိုးရများတွင် ကိုယ်ပိုင်ဝင်ငွေအရင်းအမြစ်မှ ရရှိမှုတစ်စိတ်တစ်ပိုင်းနှင့် ပြည်ထောင်စုအစိုးရမှထောက်ပံ့မှု တစ်စိတ်တစ်ပိုင်းတို့ ဖြစ်သော ၄င်းတို့၏ကိုယ်ပိုင်ဘဏ္ဍာငွေများရှိကြသည်။ ပြည်နယ်/ တိုင်းဒေသကြီး ဘဏ္ဍာငွေများတွင် အစိုးရဌာနများ၏ အသုံးစရိတ်များပါဝင်ပါသည်။
- များပြားလှသော အစိုးရဌာနများသည် ဒေသအလိုက်လုပ်ငန်းဆောင်ရွက်နေပြီး ၄င်းတို့၏အချို့သောရန်ပုံငွေများအား ပြည်ထောင်စုအဆင့်မှ တိုက်ရိုက်ရရှိပါသည်။
- အထက်ပါအကြောင်းအရာများအား ရှင်းပြချိန်တွင် အောက်အဆင့်ရှိ အကွက်သုံးကွက်အကြောင်း ဦးစားပေးတင်ပြပါ။




PAGE 17

### ပြည်နယ်/တိုင်းဒေသကြီး ၏ကိုယ်ပိုင်ဝင်ငွေအရင်းအမြစ်

- ပြည်နယ်နှင့်တိုင်းဒေသကြီးမှ စုဆောင်းသော "ကိုယ်ပိုင်အရင်းအမြစ်" ဝင်ငွေသည် မပြောပလောက်သောပမာဏဖြစ်သည်။ ဥပမာ ကရင်ပြည်နယ်၏ ကိုယ်ပိုင်အရင်းအမြစ် ဝင်ငွေသည် စုစုပေါင်းဝင်ငွေ၏ အများဆုံး ၄%သာရှိသည်။
- ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်သည့်ဥပဒေ၂၀၁၅တွင် ကိုယ်ပိုင်အရင်းအမြစ် ဝင်ငွေအားမြှင့်တင်ရန်အတွက် အခွင့်အရေးများပိုမိုပေးထားပါသည်။ မည်သို့ပင်ဆိုစေ ပြည်နယ်နှင့်တိုင်းဒေသကြီးများသည် ထိုအခွင့်အရေးများအား ယခုအချိန်အထိအပြည့်အဝအသုံးချခြင်းမရှိသေးပေ။

### အခွန်ဝင်ငွေများခွဲဝေမှု

- ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ဖြည့်စွက်ချက်၂၀၁၅သည် ကုန်သွယ်ခွန် နှင့် ဝင်ငွေခွန်တို့အား ပြည်နယ်နှင့်တိုင်းဒေသကြီးတို့ရရှိနိုင်သော အခွန်အဖြစ်ရည်ညွှန်းခဲ့ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ဖြည့်စွက်ချက်၂၀၁၅သည် ကုန်သွယ်ခွန်နှင့် ဝင်ငွေခွန်တို့အား ပြည်နယ်နှင့်တိုင်းဒေသကြီးတို့ရရှိနိုင်သော အခွန်အဖြစ်ရည်ညွှန်းခဲ့ပါသည်။ ထိုအရာများသည် ခွဲဝေမှုအတွက်အရေးပါသော အခွန်ခြေများဖြစ်သည်။


### အထွေထွေထောက်ပံ့မှုများ

- ယခင်ကလိုငွေပြသည့်ထောက်ပံ့မှုများအား ပုံသေနည်းအခြေပြုအဖြစ်သို့ ၂၀၁၅-၂၀၁၆ခုနှစ်တွင်ပြောင်းလဲခဲ့မှုသည် ကောင်းမွန်သောခြေလှမ်းတစ်ခုဖြစ်ပါသည်။ ထိုပုံသေနည်းအား အသုံးပြုနိုင်စွမ်းမြှင့်တင်ခြင်းဆိုင်ရာ ကြိုးပမ်းမှုများလုပ်ဆောင်လျှက်ရှိသည်။
- အထွေထွေထောက်ပံ့မှု ပုံသေနည်းအားသိရှိနားလည်ခြင်းသည် မြန်မာနိုင်ငံရှိ ဒေသန္တရအစိုးရအတွက် ဘဏ္ဍာရေးအစီအစဉ်များအားသိရှိနားလည်ခြင်းအတွက် အရေးကြီးသည့်အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။




PAGE 18


- သင်တန်းသားများအား ဇယား ၅ နှင့် ဆက်စပ်သော ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ဖြည့်စွက်ချက်၂၀၁၅ တို့အပါအဝင် သင်ခန်းစာဆိုင်ရာ စာရွက်များအားဖတ်ရှုစေပါ။
- ဇယား ၅ တွင် ပြည်နယ်/တိုင်းဒေသကြီးအစိုးရများ၏ ဝင်ငွေအရင်းအမြစ်ဖော်ပြချက်များပါရှိသည်။
- ဇယား ၅ တွင်ယခုထက်ထိအသုံးမပြုရသေးသော ပြည်နယ်/တိုင်းဒေသကြီးအစိုးရများအတွက် ကျယ်ပြန့်သောအလားအလာရှိသည့် ဝင်ငွေအရင်းအမြစ်များပါရှိသည်။ ထိုသို့ပြုလုပ်ရန်အတွက် အစိုးရအဆင့်များကြားရှိ ဖော်ပြထားသည့်အမျိုးမျိုးသောတာဝန်များအား ဖြတ်ကျော်ရန် ပြည်ထောင်စုဥပဒေများ လိုအပ်ကောင်းလိုအပ်ပေလိမ့်မည်။
- ထိုအထဲတွင် သတ္တုတွင်းနှင့် သယံဇာတလုပ်ငန်းများ၊ ငါးလုပ်ငန်းနှင့် သစ်တော၊ ဟိုတယ်နှင့်ခရီးသွားလာရေးနှင့် လယ်ယာမြေနှင့် ရေစသည့်လုပ်ငန်းများပါဝင်သည်။




PAGE 19


အဓိကအချက်များကို ပြောကြားရာတွင်

- **ဝင်ငွေခွန်** ဆိုသည်မှာ နှစ်စဉ်ဝင်ငွေအပေါ် ကောက်ခံသော ပုဂ္ဂလိက အခွန်ဖြစ်ကြောင်း
- **ကုန်သွယ်ခွန်** ဆိုသည်မှာ အမျိုးမျိုးသောကူးသန်းရောင်းဝယ်ရေး လုပ်ငန်းများ အပေါ် ကောက်ခံသော အရောင်းခွန် (ဥပမာ အစားအသောက်နှင့်ဝန်ဆောင်မှုများ) ဖြစ်ကြောင်း
- **ဆင့်ပွားအခြေ** ဆိုသည်မှာ မူလကောက်ခံမှုအားပြန်လည်ပေးအပ်သောအခွန်ဝင်ငွေ ကိုဆိုလိုကြောင်း အသားပေးပြောကြားပါ။





PAGE 20

- မဲဆန္ဒနယ်ဖွံ့ဖြိုးတိုးတတ်ရေးရန်ပုံငွေ (CDF) သည်မြန်မာနိုင်ငံအနှံ့အပြားတွင်ရှိပြီး မဲဆန္ဒနယ်အားလုံးကို ထောက်ပံ့လျှက်ရှိသည်။ ပြည်နယ်နှင့်ကျေးရွာအုပ်စု ကော်မတီများသည် လိုအပ်ချက်များဖော်ထုတ်သတ်မှတ်ခြင်းနှင့် CDF ၏ စီမံကိန်းများကိုအကောင်အထည်ဖော်ရာတွင် အရေးပါသည့်ကဏ္ဍတစ်ရပ် အဖြစ်ပါဝင်ပါသည်။
- အစိုးရမှ (လက်ရှိ/တရားဝင်) အသုံးပြုလျှက်ရှိသော အခြားဒေသန္တရဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ရန်ပုံငွေများတွင် ဆင်းရဲမွဲတေမှုလျော့ချရေး ရန်ပုံငွေ(PRF) နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတတ်ရေးရန်ပုံငွေ (RDF) တို့ပါဝင်ပါသည်။ RDF သည် အခြားသောရန်ပုံငွေ ၂ ခုထက်ပိုမိုသေးငယ်ပြီး အထွေထွေအုပ်ချုပ်ရေး ဌာန (GAD) ၏ လက်အောက်တွင် အဓိကစီမံခန့်ခွဲပါသည်။





PAGE 21

- ဘယ်ဘက်ရှိ ဆလိုက်များတွင်ပါဝင်သော ပြည်နယ်နှင့်တိုင်းဒေသကြီးတို့ကို ဦးစားပေးတင်ပြပါ။
- တစ်ဦးကျအခွန်ရငွေဆိုသည်မှာ အခွန်ရငွေကို လူတစ်ဦးချင်းစီအလိုက် ပိုင်းခြားခွဲဝေခြင်းဖြစ်သည်။ ထိုအရာသည် လူတိုင်းတွင် ဝင်ငွေရရှိနေသည်ဟုမဆိုလိုပါ။ ပထဝီမြေအနေအထားအပေါ် မူတည်၍ လူတစ်ဦးချင်းအလိုက် အချိုးကျ ခွဲဝေ တွက်ချက်ထားမှုသာ ဖြစ်ပါသည်။ အထွေထွေထောက်ပံ့မှုများနှင့် ၎င်း၏ အဓိကအချက်များတွင် အသားပေးဖော်ပြထားသည့် အခြားဝင်ငွေ အရင်းအမြစ်များအပေါ် သိသာထင်ရှားသောနှိုင်းယှဉ်ချက်များအား အဓိကထားပြောဆိုပါ။
- အစိမ်းရောင်အကွက်အတွင်းရှိ တွေ့ရှိချက်များအကြောင်းပြောကြားပါ။





PAGE 22

- ပုံရှိ မြန်မာကျပ်ငွေ ပမာဏများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးနှင့် တစ်နိုင်ငံလုံးပျမ်းမျှနှုန်းတို့အား ဦးစားပေးတင်ပြပါ။ နိုင်ငံ၏ ပျမ်းမျှ တစ်ဦးချင်းရငွေ ညွှန်းကိန်း၏ အထက်နှင့်အောက်ရှိ ကွာခြားမှုမြင့်သော ပြည်နယ်နှင့်တိုင်းဒေသကြီးများကို ထောက်ပြပါ။ ချင်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့၏ ပမာဏသည် အခြားသော ပြည်နယ်နှင့်တိုင်းများ အထူးသဖြင့် ရန်ကုန်တိုင်းဒေသကြီးထက် လူတစ်ဦးချင်းစီအလိုက် သိသာထင်ရှားစွာ မြင့်မားနေပါသည်။
- လွှဲပြောင်းပေးသော ထောက်ပံ့မှုများကို ပုံသေနည်းအပေါ်အခြေခံ၍တွက်ချက်ပါသည်။ ထိုပုံသေနည်းသည် အမျိုးမျိုးသော "လိုအပ်ချက်များ"အတွက် စာရင်းပြုစုပြီး အခွန်များ ကောက်ခံရာတွင် မတူညီသည့်အရည်အချင်းများကို ညှိပေးခြင်းတို့ပြုလုပ်ပါသည်။




PAGE 23

- ပုံရှိ မြန်မာကျပ်ငွေ ပမာဏများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးနှင့် တစ်နိုင်ငံလုံးပျမ်းမျှနှုန်းတို့အား ဦးစားပေးတင်ပြပါ။ ရန်ကုန်တိုင်းဒေသကြီးနှင့် အခြားသော ပြည်နယ်/တိုင်းများအကြားရှိ မညီမျှမှုအဆင့်များကို ဦးစားပေးတင်ပြပါ။ အခြားသော ပြည်နယ်/တိုင်းများအားလုံးသည် နိုင်ငံ၏ပျမ်းမျှနှုန်းအောက်တွင် ရောက်ရှိနေသည့်အချက်အားထောက်ပြပါ။
- ဖက်ဒရယ်နှင့် ပြည်နယ် (နှင့် ဒေသန္တရ) အစိုးရများအနေဖြင့် တူညီသည့်အခွန်ခြေတွင် အခွန်ကောက်ခံနိုင်စွမ်းရှိသောအခါ **ခွဲဝေထားသော အခွန်ခြေများ** ဖြစ်လာသည်။ ဥပမာ တစ်ကိုယ်ရေဝင်ငွေ၊ အရောင်းများ။




PAGE 24

- ပြည်နယ်နှင့်တိုင်းဒေသကြီးတို့မှ ကိုယ်ပိုင် အရင်းအမြစ် ဝင်ငွေတစ်ခုချင်းစီတွင် သိသာထင်ရှားသောမတူညီမှုများရှိသည်။ မျှော်လင့်ထားသည့်အတိုင်းပင် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့သည် ကိုယ်ပိုင်အရင်းအမြစ် ဝင်ငွေအမြင့်များဆုံး ပေးနိုင်သော စီးပွားရေးဗဟိုချက်များဖြစ်ပြီး ပိုမိုကြီးမားသည့် အခွန်ခြေ ကြွယ်ဝမှုရှိသည့် ဒေသများဖြစ်သည်။




PAGE 26


- ➔ သင်တန်းသားများအား စာမျက်နှာ နံပါတ် ၂၂ မှ ၂၄ ရှိ ဆလိုက်များကိုဖတ်ရှုစေပြီး
- ➔ အောက်ပါမေးခွန်းများအား စဉ်းစားစေပါ။ ဘဏ္ဍာရေးမညီမျှမှုသည် ပြဿနာတစ်ခု ဖြစ်ပါသလား။ အဘယ့်ကြောင့်နည်း။
- ➔ ပုံဖော်ကြည့်ရန် - မြန်မာနိုင်ငံတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်း ဒေသ ကြီးတို့တွင် ပိုမိုကြီးမားသော အခွန်ခြေကြွယ်ဝမှု ရှိသည်။ အကျိုးဆက် အနေဖြင့် ၄င်းတို့သည် ကိုယ်ပိုင်အရင်းအမြစ် ဝင်ငွေပိုမိုထုတ်လုပ်နိုင်စွမ်းရှိပြီး ခွဲဝေသည့် အခွန်ဝင်ငွေများပိုမိုရရှိသည်။

## အပိုင်း (၂)

# ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း၊
# ဝင်ငွေလွှဲပြောင်း ပေးအပ်ခြင်းနှင့် လူမှုဖွံ့ဖြိုးရေး




- ➔ ဤသင်ခန်းစာတွင် မြန်မာနိုင်ငံတွင် ရှိနေပြီးဖြစ်သော ဖက်ဒရယ်ဘဏ္ဍာရေးစနစ်၏ ရှုထောင့်များအကြောင်းအား လေ့လာရမည်ဖြစ်သည်။
- ➔ ဘဏ္ဍာရေးဗဟိုချုပ်ကိုင်မှုလျှော့ချရေးနှင့် နေရာယူထားပြီးဖြစ်သော ဂင်ငွေ လွှဲပြောင်းခြင်းတို့ အကြောင်းကို ဆွေးနွေးရမည်ဖြစ်သည်။ ဘဏ္ဍာရေးဗဟိုချုပ်ကိုင်မှု လျှော့ချရေးနှင့် နေရာယူထား ပြီးဖြစ်သော ဂင်ငွေလွှဲပြောင်းခြင်းတို့အကြောင်းကို ဆင်ခြင်သုံးသပ်ရမည်ဖြစ်သည်။ ဘဏ္ဍာရေးလွှဲပြောင်းမှု နှင့် ဖွံ့ဖြိုးတိုးတက်မှု အဆင့်ကြားရှိ ဆက်ဆံရေးအား ဆင်ခြင်သုံးသပ်၍ လူမှုရေးဖွံ့ဖြိုးတိုးတတ်မှု၊ ဆင်းရဲမွဲတေမှုအဆင့်များ၊ လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုများအကြောင်း လေ့လာ ရမည်ဖြစ်သည်။




PAGE 28

သင်တန်းသားများအား အရင်ဆုံးဖတ်ရှုစေပါ။ အောက်ပါဝေါဟာရများကို ဦးစားပေးတင်ပြပါ။

→ **ငွေလုံးငွေရင်းအသုံးစရိတ်များ**


ငွေလုံးငွေရင်းအသုံးစရိတ်များ - ငွေလုံးငွေရင်းအသုံးစရိတ်များ ဆိုသည်မှာ အခြေခံအဆောက်အဦးများအတွက်သုံးစွဲခြင်းကို ဆိုလိုသည်။ လမ်းများ၊ တံတားများ။ အဝေးပြေးလမ်းများ၊ ဘတ်စ်ကားလိုင်းများ စသည်ဖြင့်။ ၎င်းတို့တွင် လမ်းများနှင့်အဆောက်အဦးများအား ပြုပြင်ခြင်းနှင့် ထိန်းသိမ်းခြင်းကုန်ကျစရိတ်များလည်းပါဝင်ပါသည်။

→ **ငွေလုံးငွေရင်းရငွေ**

ဥပမာအားဖြင့် ငွေလုံးငွေရင်းရငွေသည် အခွန်ငွေများ (လေဆိပ်တွင် ဆင်းသက်ခြင်းအတွက် နိုင်ငံခြားသားခရီးသွားများအား ငွေကောက်ခံခြင်း သို့မဟုတ် နိုင်ငံအတွင်း ကုန်ပစ္စည်းများသယ်ဆောင်လာခြင်းအတွက် သွင်းကုန်အခွန်ကောက်ခံခြင်း စသည့်) သို့မဟုတ် ကော်ပိုရိတ်နှင့်လုပ်ခလစာအခွန်များ (ဥပမာ သင့်အနေဖြင့် စီးပွားရေး လုပ်ငန်းတစ်ခုတွင် သတ်မှတ်ထားသော အလုပ်သမား ဦးရေ ထက်ကျော်လွန်သည့် အလုပ်သမားများရှိလျှင် ထိုစီးပွားရေးလုပ်ငန်းသည် အချို့သောနိုင်ငံများတွင် "လုပ်ခလစာအခွန်" များ ပေးဆောင်ရသည်)။

→ **အောက်ခြေအထိလုပ်ပိုင်ခွင့်ချပေးခြင်း**

ဗဟိုဝန်ကြီးဌာနများမှ အောက်ခြေအဆင့်ရုံးများသို့ ပိုမိုလုပ်ပိုင်ခွင့်ရှိသည့်အေဂျင်စီများ အနေဖြင့် စီမံခန့်ခွဲမှုတာဝန်များ လွှဲပြောင်းပေးခြင်းဖြင့် ပြည်သူများနှင့် ပိုမိုနီးကပ်စေပြီး ဗဟိုအစိုးရ၏ အစိတ်အပိုင်းအနေဖြင့်သာ ဆက်လက်တည်ရှိစေသည်။ မြန်မာနိုင်ငံရှိ အောက်ခြေအထိလုပ်ပိုင်ခွင့်ချပေးခြင်း၏ သာဓကများတွင် ဒေသန္တရအစိုးရအဖွဲ့အစည်းများမှ လုပ်ဆောင်သော်ငြားလည်း မူဝါဒနှင့် ဆုံးဖြတ်ချက်ချမှတ်မှုများအရ ဗဟိုချုပ်ကိုင်မှု ကျန်ရှိနေသေးသော ကျန်းမာရေးနှင့် ပညာရေးကဲ့သို့သော ဝန်ဆောင်မှုများပါဝင်ပါသည်။




PAGE 29


ပေးထားသော ဘဏ္ဍာရေးဗဟိုချုပ်ကိုင်မှုလျှော့ချရေး အဓိပ္ပါယ်ဖွင့်ဆိုချက်အား အလေးထားပြီး အောက်ပါဝေါဟာရများအတွက် အသေးစိတ်အချက်အလက်များကို ဦးစားပေးတင်ပြပါ။

→ **တန်းတူညီမျှစေရန်ပေးချေသည့်ငွေ**

လက်ရှိဝင်ငွေနှင့် ဝန်ဆောင်မှုများထောက်ပံ့ခြင်းဆိုင်ရာ ကုန်ကျစရိတ်များ၏ ခြားနားချက်များကို တန်းညီစေရန် ရည်ရွယ်၍ ဖက်ဒရယ်ပြည်ထောင်စု အစိုးရမှ ပြည်နယ်၊ တိုင်းဒေသကြီး အစိုးရများသို့ ပေးအပ်သည့်ငွေကိုဆိုလိုခြင်းဖြစ်သည်။ ဖက်ဒရယ်စနစ်အများအပြားတွင် မတူညီမှုများကို လျှော့ချရန် ဘဏ္ဍာရေးညှိနှိုင်းမှု အစီအစဉ်များကို အသုံးပြုပါသည်။ ပြည်နယ်သို့မဟုတ်တိုင်းဒေသကြီးအဆင့် မညီမျှမှု များသည် မတူညီသည့် သဘာဝ၏ပံ့ပိုးမှုများ၊ ဒေသန္တရစီးပွားရေးနှင့် ပထဝီအနေ အထားတို့အရဖြစ်ပေါ်နိုင်ပါသည်။ သာတူညီမျှဖြစ်ခြင်းတိုင်းတာချက်ကို ဖက်ဒရယ်စနစ်ရှိဗဟိုအစိုးရမှ ပြုလုပ်နိုင် ပါသည်။ အလျားပုံဆောင်ခွဲဝေခြင်းကိုလည်း ပြုလုပ်နိုင် ပါသည်။ သာတူညီမျှကြိုးပမ်းမှုအဆင့်များသည် ဖက်ဒရယ်နိုင်ငံများအကြား များစွာ ကွဲပြားနိုင် ပါသည်။


→ **လူတစ်ဦးချင်းစီ ပျမ်းမျှဝင်ငွေ**

ဝင်ငွေခွဲဝေမှုသည် လူတစ်ဦးချင်းစီအလိုက်ဖြစ်ပါသည်။ အဓိပ္ပါယ်မှာ လူတစ်ဦးချင်း စီအလိုက်ဝင်ငွေပျက်ပြားမှုဖြစ်ပေါ်နိုင်ကြောင်းကို ထပ်မံမီးမောင်း ထိုးပြပါ။ အကယ်၍ ထိုအရာသည်ဝင်ငွေဖြစ်နေလျှင် လူတိုင်းသည် ရရှိနိုင်သည်ဟုမဆိုလိုပါ။ ပထဝီမြေ အနေအထားအပေါ်မူတည်၍ လူတစ်ဦးချင်း အလိုက်ခွဲဝေမှု ဖြစ်နိုင်သည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။





PAGE 31

- ၂၀၁၂-၁၃ သည် ပြည်နယ်နှင့်တိုင်းများ ပြည်ထောင်စုမှ ဘတ်ဂျက်ငွေ သီးသန့်ရသော ပထမနှစ်ဖြစ်သည်။ အသုံးစားရိတ်များသည် စတင်ချမှတ်ခဲ့သော ၂၀၁၂-၁၃တွင် ၈၆၄,၁၂၂ သန်းမှ ၂၀၁၇-၁၈ တွင် ၂,၄၇၄,၉၄၂ သန်းသို့ မြင့်တက်သွားသည်။ ၆.၄ ရာခိုင်နှုန်းမှ စုစုပေါင်းအစိုးရအသုံးစားရိတ်၏ ၁၂%နီးပါး ခန့်မှန်းခြေ တိုးတက်သွားသည်။
- တိုင်းနှင့်ပြည်နယ်အစိုးရများ၏ အသုံးစားရိတ်သည် ပြည်နယ်/တိုင်း ၁၄ ခုတွင် ပျမ်းမျှ လူတစ်ဦးလျှင် ၅၀,၀၀၀ ကျပ်နှင့် ညီမျှသည်။
- တိုင်းနှင့်ပြည်နယ်အဆင့်တွင် အသုံးစားရိတ်မြင့်တက်လာခြင်းသည် တိုင်းနှင့်ပြည်နယ်များအား ပြည်သူတို့၏ လိုအပ်ချက်များကို ပြည့်စုံနိုင်စေရန် အခွင့်အလမ်းများ ပိုမိုပေးလေသည်။
- ထိုကဲ့သို့ တိုးမြင့်လာသော်လည်း တိုင်းနှင့်ပြည်နယ်အဆင့်ရှိ အသုံးစားရိတ်များသည် စုစုပေါင်းအစိုးရအသုံးစားရိတ်ထဲတွင် ဝေစုပုံကြည့်လျှင် နည်းနေသေးသည်။





PAGE 32

- သင်တန်းသားများအား ဆလိုက်များကို ဦးစွာဖတ်ရှုစေပါ။ မြန်မာနိုင်ငံအား အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ချက်များကို ဦးစားပေးတင်ပြပါ။
- အစိမ်းနုရောင်အကွက်အတွင်းရှိ တွေ့ရှိချက်များအကြောင်းပြောဆိုပါ။
- ပြည်နယ်/တိုင်းဒေသကြီးတို့၏ အစိုးရအသုံးစားရိတ် ဝေစုများသည် အခြားသော အာရှနိုင်ငံများ၏ အသုံးစားရိတ်နှင့် ယှဉ်ကြည့်လျှင် နည်းနေသေးသည်။ ဗီယက်နမ်ကဲ့သို့ "ဖက်ဒရယ်" မဟုတ်သော တိုင်းပြည်တွင်ပင် ဒေသန္တရ အသုံးစရိတ် အဆင့် အလွန်အမင်းမြင့်မားသော သာဓကများလည်းရှိပါသည်။ တရုတ်နိုင်ငံသည်ပင် ၄၅% ကျော်ပိုမိုမြင့်မားပါသည်။




PAGE 34

- ပြည်နယ်နှင့်တိုင်းဒေသကြီးတို့၏ စုစုပေါင်းအသုံးစရိတ်ခွဲဝေမှုဖြစ်သော ငွေလုံးငွေရင်း အသုံးစရိတ်သည် စဉ်းစားဖွယ် အပြောင်းအလဲကိုပြသသည်။ (မွန်ပြည်နယ်တွင် ၄၀%နှင့် ကရင်ပြည်နယ်တွင် ၇၀%)
- ပြည်နယ်အစိုးရများမှ အကြံပြုသော ရရှိနိုင်သည့်ဘဏ္ဍာငွေအချက်အလက်များသည် တိုင်းဒေသကြီးအစိုးရများနှင့်ယှဉ်လျှင် အခြေခံအဆောက်အဦးများအတွက် ဦးစားပေး ရင်းနှီးမြှုပ်နှံမှုများဖြစ်ကြသည်။
- မကြာသေးသောရာစုနှစ်များတွင် ရင်းနှီးမြှုပ်နှံမှုဘာမှမရှိခဲ့သော ပဋိပက္ခဒဏ်သင့် ဒေသများတွင် ငွေလုံးငွေရင်း ရင်းနှီးမြှုပ်နှံမှု အတွက် ကြီးမားသောလိုအပ်ချက်များ ရှိကောင်းရှိနိုင်ပါသည်။





PAGE 35

→ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့်ဒေသန္တရအစိုးရ၏အသုံးစရိတ်များကို ဦးစားပေးတင်ပြပါ။ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့၏ စည်ပင်သာယာအသုံးစရိတ်များကိုလည်း ဦးစားပေးတင်ပြပါ။

→ နောက်ဆက်တွဲဆလိုက်များရှိ စာများအား အချို့သောအဓိကအချက်အလက်များ ရှာဖွေရန် ပြန်လည်ဖတ်ရှုပါ။

- ဆောက်လုပ်ရေးဝန်ကြီးဌာန၏ အသုံးစားရိတ်ဝေစု၊ အထူးသဖြင့် ထရပ်ကားလမ်း(အဝေးပြေးလမ်း) နှင့် တံတားအသုံးစားရိတ်သည် ၂၀၁၃/၁၄ ဘဏ္ဍာရေး နှစ်တွင် စုစုပေါင်း ပြည်နယ်နှင့် တိုင်းအသုံးစားရိတ် ၅၄ % ရှိခဲ့ရာမှ ၂၀၁၆/၁၇ ဘဏ္ဍာရေးနှစ်တွင် ၃၈% သို့ ကျသွားသည်။
- လျှပ်စစ်စွမ်းအင်လျာထားချက် အသုံးစရိတ်ခွဲဝေမှုများတွင် ၂၀၁၃-၂၀၁၄တွင် သုံ့ညအဆင့်မှ ၂၀၁၆-၂၀၁၇ တွင် ပြည်နယ်နှင့် တိုင်း ၁၂ ခုတွင် ၅% ဖြစ်ပြီး တနင်္သာရီတိုင်းတွင် ၁၆% အထိ ရှိသည်။





PAGE 36

→ ဆလိုက်ထဲရှိအခြားသော အချက်အလက်များကိုလည်းတင်ပြပါ။

→ ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့များ၏သုံးစွဲမှုများသည် ပြည်နယ်/တိုင်းဒေသကြီး အစိုးရအသုံးစရိတ်စုစုပေါင်း၏ ၉%မှ နေ၍ ၂၀%ကျော်အထိ မြင့်တတ်လာခဲ့သည်။

→ အသုံးစားရိတ်အများစုသည် တိုင်းနှင့်ပြည်နယ်အစိုးရတို့ မှ ဘက်ဂျက်ရေးဆွဲပြီး လိုအပ်သလိုထုတ်ပေးသော အများပြည်သူ အရင်းအမြစ်ဆိုင်ရာသုံးစွဲမှုကိုတိုးမြှင့်ခြင်းကိုလည်း အကြံပြုနိုင်ပါသည်။ ထိုရန်ပုံငွေများအသုံးပြုခြင်းအားဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများသည် အာဏာကို ထင်ထားသည်ထက်ပိုမိုကျယ်ပြန့်သော လုပ်ဆောင်ချက်များတွင် အသုံးပြုပါသည်။ ဥပမာအားဖြင့် ပဲခူးတွင် ဝန်ကြီးအဖွဲ့များ၏ ထပ်တလဲလဲဖြစ်သောဘဏ္ဍာငွေ၏ ၇၀% သို့မဟုတ် တိုင်းဒေသကြီး ဘဏ္ဍာငွေစုစုပေါင်း ၏ ၁၇% ကို ဆည်မြောင်း၊ ရေနုတ်မြောင်း နှင့်စိုက်ပျိုးရေး ကဏ္ဍများအတွက် အသုံးပြုခဲ့သည်။





PAGE 38

→ ပထမ နှင့်ဒုတိယ ရုပ်ပုံကားချပ်များရှိ ခေါင်းလိုက်မျဉ်းများတွင်ရှိသော ကွဲလွဲချက်များအား မီးမောင်းထိုးပြပါ။ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့သည် ၎င်းတို့၏ မြို့ပြတည်ဆောက်မှုမြင့်မားနှုန်း၏ အကျိုးဆက်ဖြစ်သော လုပ်ငန်းဝင်ငွေ မြင့်မားမှုကြောင့် သီးခြားဇယားဖြင့်ဖော်ပြထားပါသည်။

→ ကချင်ပြည်နယ်သည်လည်း အခြားပြည်နယ်နှင့်တိုင်းဒေသကြီးတို့ထက် သိသာစွာ မြင့်မားပါသည်။ တစ်ကယ်တမ်းတွင် မြစ်ကြီးနားမြို့တွင် အလွန်လူသိများပြီး လုပ်ဆောင်နိုင်စွမ်းမြင့်မားသော DAO ရုံးရှိခြင်းကြောင့်ဖြစ်သည်။

→ ပြည်နယ်နှင့်တိုင်းဒေသကြီးများ၏ အနိမ့်ဆုံးနှင့်အမြင့်ဆုံးသော အခွန်ကောက်ခံမှုများကို နှိုင်းယှဉ်ပါ။





PAGE 39

- ဆလိုက်တွင်ပေးထားသော အချက်အလက်များအတိုင်းတင်ပြပြီး လူတစ်ဦးချင်းစီ အလိုက်ကွဲပြားသော အခွန်ကောက်ခံမှုများကို ဦးစားပေးတင်ပြပါ။
- ပစ္စည်းအမျိုးအစားအလိုက် အခွန်ကောက်ခံမှု အနိမ့်ဆုံးနှင့်အမြင့်ဆုံးတို့ကို နှိုင်းယှဉ်ပါ။ အောက်ပါအဓိပ္ပါယ်ဖွင့်ဆိုချက်အချို့အား ဦးစားပေးတင်ပြပါ။
  - **ဘီးခွန်** ဆိုသည်မှာ ကားမောင်းရန်သို့မဟုတ် ဆိုင်ကယ်မောင်းရန် စာရင်းသွင်းခြင်းကဲ့သို့သောကိစ္စများတွင် ယဉ်မောင်းများအပေါ်ကောက်ခံသော အခွန်ဖြစ်သည်။
  - **ပစ္စည်းခွန်** ဆိုသည်မှာ မည်သည့်ပိုင်ဆိုင်ပစ္စည်းရောင်းချခြင်းတွင်မဆို အစိုးရမှ ကောက်ခံသောအခွန်ဖြစ်သည်။ အစိုးရသည် ယေဘုယျအားဖြင့် မည်သည့်ပိုင်ဆိုင် ပစ္စည်းလွှဲပြောင်းခြင်းတွင်မဆို အခွန်ကောက်ခံသည်။ မြန်မာနိုင်ငံတွင် ပစ္စည်းခွန်များကို စည်ပင်သာယာအဆင့်တွင် ကောက်ခံလေ့ရှိသည်။ ၎င်းတို့သည် ပိုင်ဆိုင်ပစ္စည်း၏ ခန့်မှန်းတန်ဖိုးအပေါ် မူတည်ပါသည်။ ဤအခွန်ကောက်ခံမှု နယ်မြေသည် ပြုပြင်ပြောင်းလဲမှုနှင့် တိုးတတ်မှုတို့အတွက် စဉ်းစားဖွယ်ဖြစ်သော အခွင့်အရေးကို ပေးပါသည်။
  - **ယစ်မျိုးခွန်** သည် သတ်မှတ်ထားသောကုန်ပစ္စည်းများအတွက်ဖြစ်သည်။ ဥပမာ အရက်အဖျော်ယမကာများကိုကောက်ခံသောအခွန်
  - သစ်တောထုတ်လုပ်မှုအပေါ်ကောက်ခံသောအခွန် ဆိုသည်မှာ ကျွန်းသစ်ကျိုတ်ခွဲ သောကုမ္ပဏီများအပေါ် ပြည်နယ်သို့မဟုတ်တိုင်းဒေသကြီး အစိုးရမှ ရယူသော အခွန်ငွေဖြစ်သည်။
  - **ငါးလုပ်ငန်းခွန်** ဆိုသည်မှာ အခြေခံအားဖြင့် ပြည်နယ်သို့မဟုတ် တိုင်းဒေသကြီး အစိုးရမှ ငါးမွေးမြူသူများသည် လိုင်စင်ရှိမရှိသေချာစေရန်ကောက်ခံသောအခွန် ဖြစ်သည်။
  - **ကုန်ထုတ်လုပ်ငန်းအခွန်** ဆိုသည်မှာ ကုန်ထုတ်လုပ်ခြင်းအတွက်ပေးရသော အခွန်ဖြစ်သည်။
  - **ရေနှင့်တာတမံအခွန်** ဆိုသည်မှာ အိမ်နှင့် စီးပွားရေးလုပ်ငန်းများအတွက် ရေသုံးစွဲခြင်းအပေါ်ပေးရသောအခွန်ဖြစ်သည်။
  - **လယ်ယာခွန်** ဆိုသည်မှာ လယ်ယာမြေပိုင်ဆိုင်သူများအား ကောက်ခံသည့်အခွန် ဖြစ်သည်။ အထူးသဖြင့် ချမ်းသာကြွယ်ဝသောဒေသများ သို့မဟုတ် စီးပွားရေး အရအလားအလာကောင်းသော နေရာများတွင်။
- အခွန်ကောက်ခံနိုင်သော ပစ္စည်းများကြားတွင် ကွဲပြားချက်အများအပြားရှိပါသည်။ ဥပမာအားဖြင့် ဧရာဝတီတိုင်းတွင် ငါးလုပ်ငန်းခွန်သည် အကြီးမားဆုံးသော ဝင်ငွေအရင်းအမြစ်ဖြစ်ပြီး မန္တလေးကဲ့သို့သောအခြားနေရာများတွင်မူ ဘီးခွန်သည် အကြီးမားဆုံးသော ဝင်ငွေအရင်းအမြစ်ဖြစ်သည်။





PAGE 40

- မြို့နယ်ဖွံ့ဖြိုးရေးညွှန်းကိန်းသည် ၂၀၁၄ သန်းခေါင်းစာရင်းအရ လူနေမှုအဆင့်အတန်း (အိမ်ယာပိုင်ဆိုင်မှု၊ အိမ်ယာအခြေအနေ)၊ ကျန်းမာရေးနှင့် ပညာရေး ညွှန်ပြချက်များကို စုစည်းထားခြင်းဖြစ်သည်။
- မြို့နယ်ဖွံ့ဖြိုးရေးညွှန်းကိန်းနှင့် မြို့နယ်ခွဲ ညွှန်းကိန်းတို့သည် ညွှန်းကိန်းအခွဲ ၃ ခု၏ ပျမ်းမျှဖြစ်သည်။
  - အိမ်ယာပိုင်ဆိုင်မှုနှင့် အိမ်ယာအခြေအနေ ညွှန်ပြချက်များကို ပေါင်းစည်းထားသော လူနေမှုအဆင့်အတန်းညွှန်းကိန်းအခွဲ
  - မွေးကင်းစကလေးသေဆုံးမှုနှင့် အိုမင်းသေဆုံးမှုအညွှန်းကိန်းရမှတ်များအား ပေါင်းစည်းထားသော ကျန်းမာရေးညွှန်းကိန်းအခွဲနှင့်
  - စာတတ်မြောက်မှုနှုန်း၊ ကျောင်းတက်ရောက်မှုနှုန်းနှင့် မူလတန်းနှင့် အလယ်တန်းအဆင့် သို့ တက်ရောက်မှုနှုန်းစသည့် ညွှန်ပြချက် ၄ ခုပါရှိသော ပညာရေးညွှန်းကိန်းအခွဲ
- ညာဘက်ရှိ မြေပုံသည်မြို့နယ်ဖွံ့ဖြိုးရေးညွှန်းကိန်းရမှတ်များအပေါ်အခြေခံ၍ မြန်မာနိုင်ငံရှိ မြို့နယ်များ၏အဆင့်သတ်မှတ်ချက်များကို ဖော်ပြထားသည်။




PAGE 41

- လူတစ်ဦးချင်းစီဝင်ငွေအညွှန်းကိန်း သည်ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံးအတွက် ပျမ်းမျှဝင်ငွေမှ ပိုင်းခြားထားသော ပြည်နယ်နှင့် တိုင်းဒေသကြီးတို့၏ဝင်ငွေဖြစ်ကြောင်း မီးမောင်းထိုးပြပါ။
- လူနေမှုအဆင့်အတန်းညွှန်းကိန်း ဆိုသည်မှာ သန့်ရှင်းသောရေနှင့် လျှပ်စစ်မီးရရှိမှုကဲ့သို့သော အိမ်ယာအခြေအနေညွှန်ပြချက်များနှင့် ရေဒီယိုသို့မဟုတ် စက်ဘီးစသည့်ပိုင်ဆိုင်မှုများအပါအဝင် အိမ်ယာပိုင်ဆိုင်မှုညွှန်ပြချက်တို့အား ပေါင်းစည်းထားခြင်းဖြစ်ကြောင်း မီးမောင်းထိုးပြပါ။
- သင်တန်းသားများအား ဇယား၂ခုကိုယှဉ်၍ လေ့လာစေပါ။
- ထိုဇယား ၂ ခုအား ယှဉ်ကြည့်သောအခါ ဝင်ငွေများသည် ပြည်နယ်နှင့်တိုင်းဒေသကြီးတို့၏ ဖွံ့ဖြိုးရေးလိုအပ်ချက်များနှင့် ကိုက်ညီပါသလားဟု အဖွဲ့အားမေးခွန်းထုတ်ပါ။



PAGE 42

- ဆလိုက်တွင်ပါဝင်သည့် အချက်အလက်များအတိုင်း တင်ပြပါ။
- အထက်ပါမေးခွန်းအတွက်အဖြေမှာ "လုံးဝမကိုက်ညီပါ" ဖြစ်ပါသည်။ လူတစ်ဦးချင်းစီအတွက် ဝင်ငွေမှာ ဖွံ့ဖြိုးတိုးတက်မှုလိုအပ်ချက်များကို ဖြည့်စွမ်းပေးနိုင်ခြင်း မရှိပါ။
- ပြည်နယ်နှင့်တိုင်းဒေသကြီးအတွက် လူတစ်ဦးချင်းစီ၏ဝင်ငွေသတ်မှတ်ချက်များတွင် ပြည်နယ်များအပေါ် ခွဲခြားဆက်ဆံမှုများ မရှိကြောင်းကို အလေးထားပြောကြားပါ။




PAGE 43

- မြန်မာနိုင်ငံ၏အုပ်ချုပ်မှုစနစ် ပြန်လည်တည်ဆောက်ရေးကို လွန်ခဲ့သော ၅ နှစ်အတွင်းစောင့်ကြည့်ခဲ့ရာ ဒေသန္တရဌာနများနှင့် အစိုးရပိုင်စီးပွားရေးလုပ်ငန်းများ (SOE) များသည် ပြည်ထောင်စုဝန်ကြီးဌာနများ၏ ဒေသန္တရကိုယ်စားလှယ်များကိုကိုယ်စားပြုနေချိန်တွင် ပြည်ထောင်စုမှအရင်းအမြစ်လွှဲပြောင်းပေးမှုများတွင် လွန်စွာလွပ်လပ်မှုရှိခြင်းဖြင့် ဒေသန္တရအဖွဲ့အစည်းများအား အာဏာခွဲဝေပေးမှုထက် ဗဟိုချုပ်ကိုင်မှုလျော့ချခြင်းဟူသော အဓိပ္ပါယ်အောက်သို့ ပိုမိုရောက်ရှိနေပါသည်။
- စည်ပင်သာယာရေးအဖွဲ့အစည်းများ(DAOs) သို့မဟုတ် စည်ပင်သာယာများသည် ဤရေစီးကြောင်း (ဗဟိုချုပ်ကိုင်မှုလျော့ချထားသော သို့သော် ဘဏ္ဍာငွေနည်းနည်းဖြင့် စသည့်)အား ဆန့်ကျင့်နေသောကြောင့် စဉ်းစားသင့်ပါသည်။
- ဗဟိုချုပ်ကိုင်မှုလျော့ချရေးထက်စာလျှင် ယနေ့အထိ အောက်ခြေအထိလုပ်ပိုင်ခွင့်ချပေးခြင်း အတွက် ပြုပြင်ပြောင်းလဲရေးအကြံပြုချက်များ အများအပြားရှိခဲ့သော်လည်း ညွှန်းကြားချက်စာပါ ကြိုးပမ်းမှုများကို မကြုံဆိုသင့်ဟု မဆိုလိုပါ။ ဤခြေလှမ်းများသည် ဗဟိုမှ ဒေသန္တရအဖွဲ့အစည်းများအား တဖြည်းဖြည်းနှင့် အာဏာအပ်နှင်းရန်ခွင့်ပြုပြီး အောက်အလွှာရှိအစိုးရအား လုပ်နိုင်စွမ်းမြှင့်တင်ပေးသောကြောင့် အနာဂါတ်တွင် ပိုမိုနက်နဲသော ပြုပြင်ပြောင်းလဲခြင်းများအတွက် လက်နက်များဖြစ်ကောင်းဖြစ်လာနိုင်ပါသည်။ ဤလုပ်ငန်းစဉ်တွင် ဒေသန္တရအစိုးရနှင့် ဒေသအလိုက်သက်ဆိုင်သူများသည် အောက်ခြေအထိ လုပ်ပိုင်ခွင့်ချပေးခြင်းယူနစ်မြင့်တတ်လာမှုလုပ်ငန်းများရှိ ၎င်းတို့၏ ပါဝင်ပတ်သတ်မှု အနေအထားကိုသိရှိပြီး အသုံးစရိတ်ဆိုင်ရာများကို တိုးတက်လာစေရန်ခေါင်းဆောင်ကြပါသည်။
- မည်သို့ပင်ဆိုစေ ဤလုပ်ငန်းစဉ်သည် ဆုံးဖြတ်ချက်ချမှတ်သည့်အာဏာများ၏ ပိုမိုကျစ်လစ် သော ဗဟိုချုပ်ကိုင်မှုလျော့ချရေးမှ ရနိုင်သည့် တာဝန်ခံမှု ယန္တရားတည်ဆောက်ရန် အတွက်တော့ ကျရှုံးနိုင်ပါသည်။
- ပေးထားသော အောက်ခြေအထိလုပ်ပိုင်ခွင့်ချပေးခြင်းသည် လမ်းကြောင်းမှန်ပေါ်ရှိပဏာမခြေလှမ်းအဖြစ်သာလျှင် စဉ်းစားသင့်ပါသည်။




PAGE 46


- အုပ်စုလိုက် ဝိုင်းထိုင်ပြီးသင်တန်းသားများအား စာမျက်နှာ ၄၁ ရှိ ဖွံ့ဖြိုးရေးနှင့်ပျမ်းမျှဝင်ငွေ အမည်ရှိ ဆလိုက်များကိုပြန်လည်ကြည့်ရှုစေပါ။
- ဆွေးနွေးမှုကို မေးခွန်းဖြင့်စတင်ပါ။ ဗဟိုချုပ်ကိုင်မှုကို ပိုမိုလျော့ချခြင်းသည် ဖွံ့ဖြိုးတိုးတက်မှု မညီမျှခြင်းကို ဖြေရှင်းနိုင်မည်လော။ ဖွံ့ဖြိုးရေးလိုအပ်ချက်များအတွက် မည်သည့်အရာများလုပ်ဆောင်နိုင်မည်နည်း။

အပိုင်း (၃)

# ဖက်ဒရယ်ဘဏ္ဍာရေးစနစ်နှင့် တန်းတူညီမျှစေခြင်း




➔ ဤသင်ခန်းစာတွင် တန်းတူညီမျှဖြစ်စေခြင်းဟူသည့် ဖက်ဒရယ် ဘဏ္ဍာရေးစနစ်၏ အဓိက အယူအဆကို မိတ်ဆက်ပေးသွားမည်ဖြစ်ပါသည်။




PAGE 49

→ အောက်ပါဝေါဟာရအသစ်များကိုမိတ်ဆက်ပါ။

- **တန်းတူညီမျှ** - တူညီသော အခြေအနေများ အထူးသဖြင့် ရာထူး၊ အခွင့်အရေး၊ အခွင့်အလမ်း။
- **သာတူညီမျှ** - တရားမျှတမှုရှိပြီး ဘက်မလိုက်မှုအရည်အသွေး ။
- **တန်းတူညီမျှစေရန်ထောက်ပံ့ပေးအပ်ခြင်း** - မညီမျှမှုများကို ဖော်ထုတ်သည့် ရည်ရွယ်ချက်ဖြင့် ဖက်ဒရယ်ပြည်ထောင်စုအစိုးရမှ ပြည်နယ်၊ တိုင်း အစိုးရများသို့ ပေးအပ်သည့် ထောက်ပံ့ပေးအပ်ချက်များ။
- **ဘဏ္ဍာရေး အသားတင် အကျိုးအမြတ်** - တစ်ဦးခြင်း ရရှိသော အကျိုးခံစားခွင့်နှင့် တစ်ဦးစီ ပေးဆောင်ရသော အခွန်ပမာဏအကြား ကွာခြားချက်။
- **ဝင်ငွေခွဲဝေခြင်း** - ဖက်ဒရယ်ပြည်ထောင်စုမှ ကောက်ယူရရှိသော အခွန်ဘဏ္ဍာများကို တိုင်းနှင့် ပြည်နယ် ၊ ဒေသန္တရ အစိုးရများသို့ တစ်စိတ်တစ်ပိုင်း ခွဲဝေပေးခြင်း။




PAGE 50

အောက်ပါတို့ကို ဦးစားပေးတင်ပြပါ။

→ တန်းတူညီမျှမှုဆိုသည်မှာ အဆင့်အတန်း၊ အခွင့်အရေးနှင့် အခွင့်အလမ်းများ ညီမျှစွာရရှိသည့်အခြေအနေကို ဆိုလိုပါသည်။

→ သာတူညီမျှမှုသည် တရားမျှတမှုရှိခြင်းနှင့် ဘက်မလိုက်ခြင်းတို့၏အရည်အသွေးများဖြစ်သည်။

→ ရုပ်ပုံကားချပ်ကို ဦးစားပေးတင်ပြပါ။





PAGE 51

Net Fiscal Benefits = ရရှိသည့်အကျိုးအမြတ် - ပေးဆောင်ရသည့်အခွန်ငွေ

→ “အသားတင်” ဆိုသည်မှာ စုစုပေါင်းကိုဆိုလိုခြင်းဖြစ်သည်။ “အသားတင်ဘဏ္ဍာရေးဆိုင်ရာ အကျိုးအမြတ် (NFBs)” ဆိုသည်မှာ လက်ခံရရှိသော စုစုပေါင်းအကျိုးအမြတ်ဟူသော အယူအဆကိုဆိုလိုခြင်းဖြစ်ပါသည်။ လက်ခံရရှိသောအကျိုးအမြတ်ကို နားလည်ရန်မှာ လူတစ်ဦးချင်းစီလက်ခံရရှိသောအကျိုးအမြတ်နှင့် နယ်မြေတစ်ခုတွင် လူတစ်ဦးချင်းစီ ပေးဆောင်သော အခွန်တို့အကြားရှိ မရှိမဖြစ်လိုအပ်သောကွာခြားချက်များမှတစ်ဆင့် တိုးတက်လာခြင်းဖြစ်သည်။

→ အခွန်များကို ပြည်သူများမှပေးဆောင်ပြီး ဝန်ဆောင်မှုကိုအစိုးရမှပေးသည်ဟူသော ဆလိုက်ရုပ်ပုံကို မီးမောင်းထိုးပြပါ။




PAGE 53

- ➔ အောက်ပါကဏ္ဍများရှိ ကွာဟချက်များသည် ပြည်နယ်များရှိ အသားတင်ဘဏ္ဍာရေးဆိုင်ရာအကျိုးအမြတ်အတွင်း ကွာဟချက်များဖြစ်ပေါ်နိုင်ပါသည်။
  - ■ ပြည်နယ်များ၏အခွန်ငွေကောက်ခံရရှိထားသည့်ပမာဏများ
  - ■ ပြည်နယ်အတွင်းပြည်သူများအတွက်ဝန်ဆောင်မှုထောက်ပံ့ခြင်းဆိုင်ရာ ကုန်ကျစရိတ်များ
  - ■ ထိုပြည်နယ်အတွင်း လိုအပ်နေသော ဝန်ဆောင်မှုများ
- ➔ တန်းတူညီမျှဖြစ်စေသည့်ထောက်ပံ့ငွေများသည် ပြည်နယ်များ၏ NFBs များ၏ ကွဲပြား ခြားနားချက်များကို ပပျောက်စေသည်။ သက်ဆိုင်ရာ အခွန်ငွေကောက်ခံရရှိထားမှုပမာဏနှင့် ပြည်နယ်အတွင်း ပြည်သူများအတွက် ဝန်ဆောင်မှုများထောက်ပံ့ရာတွင် ကုန်ကျသည့် စရိတ်များအပေါ်တွင် အခြေခံသည်။




PAGE 54

- ➔ လိုအပ်ချက်များအရ ကွဲပြားခြားနားမှုများအတွက် တန်းတူညီမျှဖြစ်စေခြင်း
  - ■ လိုအပ်ချက်ညွှန်းကိန်းများအပေါ်မူတည်သည့် ပုံသေနည်းများကို မကြာခဏအသုံးပြုပါသည် အောက်ပါဆလိုက်တွင် ဥပမာအားကြည့်နိုင်ပါသည်။
- ➔ အခွန်ငွေကောက်ခံရရှိမှုပမာဏအရ ကွဲပြားခြားနားမှုများအတွက် တန်းတူညီမျှစေခြင်း
  - ■ တစ်ဦးချင်းစီမှ ကောက်ခံရရှိသည့် အခွန်ဝင်ငွေများကို တန်းတူညီမျှစေသည့် ပုံသေနည်း
    - • နိုင်ငံ၏ပျမ်းမျှနှုန်း
    - • ထိပ်ဆုံးအဆင့်ရှိ အစိုးရ
    - • ပြည်နယ်များကိုကိုယ်စားပြုသည့်အဖွဲ့




PAGE 55

- ➔ ဥပမာ ၃ ခုအားဆွေးနွေးပါ။
- ➔ ဂျာမနီနှင့် ကနေဒါ နိုင်ငံ ၂ ခုစလုံးတွင် ၎င်းတို့၏ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တန်းတူညီမျှဖြစ်စေခြင်းအတွက် အခြေခံမှုများရှိကြောင်း ထောက်ပြပါ။ ထိုအရာသည် အတော်အတန်ရှုပ်ထွေးပါးသော်လည်း ဂင်ငွေခွဲဝေမှုအစီအစဉ်အများစုကိုမူ ဥပဒေနှင့်မူဝါဒများတွင် ရှင်းလင်းစွာဖော်ပြထားပါသည်။





PAGE 56

→ သင်တန်းသားများအား သင်ခန်းစာ၏အစပိုင်းရှိ သာတူညီမျှမှု၊ တန်းတူညီမျှမှုနှင့် တန်းတူညီမျှစေခြင်းဆိုင်ရာ ဆလိုက်များအား ပြန်လည်ဖတ်ရှုစေပါ။

→ အောက်ပါမေးခွန်းများကို အဖွဲ့လိုက်ဆွေးနွေးခိုင်းပါ။ မြန်မာနိုင်ငံတွင် ဘာကြောင့် တန်းတူညီမျှစေမှုကို လိုအပ်သနည်း။ အကျိုးအမြတ်ဘာရမည်နည်း။

→ ပြီးနောက်အဖွဲ့လိုက်တင်ပြမှုပြုလုပ်စေပါ။ သဘာဝအရင်းအမြစ်ဆိုင်ရာအခန်းတွင် ဤတန်းတူညီမျှမှုအယူအဆသဘောထားအားအသုံးချမည့်အကြောင်းကို ထောက်ပြပါ။




PAGE 57

**ဝင်ငွေခွဲဝေမှု လွှဲပြောင်းခြင်း**

→ **တိကျသောရည်ရွယ်ချက်အတွက် ထောက်ပံ့ငွေများ** ကိုမကြာခဏဆိုသလို လုံးပေါင်းငွေအဖြစ်ပေးပို့ပြီး တိကျသောလိုအပ်ချက်များအပေါ် အခြေခံ၍ ပစ်မှတ်ထားသောအဖွဲ့များပါဝင်နိုင်ပါသည်။ ဥပမာ သဘာဝဘေးအန္တရာယ် သို့မဟုတ် ပဋိပက္ခများကြောင့် ပြည်တွင်းထွက်ပြေးတိမ်းရှောင်ရသူများ၏ လိုအပ်ချက်များ အားဖြည့်ဆည်းရန်အတွက် တိကျသောရည်ရွယ်ချက်အတွက်ထောက်ပံ့ငွေအသုံးပြုခြင်း။

→ ဖက်ဒရယ်နိုင်ငံများရှိ **ကုန်ကျစရိတ်ဝေမျှသည့်အစီအစဉ်များ**တွင် မကြာခဏဆိုသလို ပြည်နယ်မှဆောင်ရွက်သော ကျန်းမာရေး၊ ပညာရေးနှင့် လူမှုရေးထောက်ပံ့မှုအစီအစဉ်များနှင့်ကိုက်ညီသည့် ထောက်ပံ့ငွေများပါဝင်သည့်အပြင် အခြေခံအဆောက်အဦးဖွံ့ဖြိုးတိုးတတ်ရန်အတွက် အထောက်အပံ့ဝေမျှခြင်းတို့လည်း ပါဝင်ပါသည်။

→ **ဗဟိုအစိုးရမှထောက်ပံ့ငွေများ** သည်အဓိကနယ်မြေများရှိအသုံးစရိတ်များအားအထောက်အပံ့ ပေးရန်အတွက် ပြည်နယ်များ၏ရန်ပုံငွေများထံသို့ တိုက်ရိုက်လွှဲပြောင်းသည့် ငွေများဖြစ်သည်။ ထိုအရာများတွင် ဥပမာအားဖြင့် မူလတန်းပညာရေးကို ကျောင်းသားအရေအတွက်အပေါ် မူတည်၍ ထောက်ပံ့ငွေ ပေးအပ်ခြင်းတို့ပါဝင်သည်။




PAGE 58

သင်တန်းသားများအား အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားစေပါ။

→ **ပြည်နယ်အစိုးရများအားအခွန်အာဏာခွဲဝေမှုဆိုင်ရာကိစ္စရပ်များတွင် မည်သည့်အရာများဖြစ်ပေါ်နိုင်သနည်း။ (ဥပမာ - တစ်ကိုယ်ရည်ဝင်ငွေခွန်၊ စီးပွားရေး လုပ်ငန်းဝင်ငွေခွန်၊ အရောင်းခွန်)**

■ ပြည်နယ်များ၏ဘဏ္ဍာရေးဆိုင်ရာကွာဟချက်များအတွက်အလားအလာကောင်းများရှိပါသည်။


→ ဗဟိုမှအခွန်ကောက်ခံသည့်စနစ် တွင်ပုံမှန်အားဖြင့် ပြည်နယ်များသို့ပြန်ပေးရန် သတ်မှတ်ထား သောအခွန်ခွဲဝေမှုများရှိပါသည်။ ဥပမာ - ပြည်နယ်မှကောက်ခံ၍ ပြည်နယ်မှပြန်လည်ရရှိသော ဝင်ငွေအချိုးအစား

■ ထိုစနစ်အမျိုးအစားများတွင် မကြာခဏဆိုသလို တန်းတူညီမျှမှုအတွက်ဖြည့်စွက် ပေးချေမှုများ လိုအပ်ပါသည်။

→ ဗဟိုမှအခွန်ကောက်ခံခြင်းသည် လူတစ်ဦးချင်းစီမှ ပြည်နယ်များသို့ပေးချေမှုနှင့်တူညီပါသည်။


■ ထိုစနစ်အမျိုးအစားတွင် လူတစ်ဦးချင်းစီအလိုက် ပျမ်းမျှဝင်ငွေများကို နိုင်ငံတစ်ဝှမ်း၏ ပျမ်းမျှ စံသတ်မှတ်ချက်နှင့် ညီမျှစေသည်။

စာမျက်နှာ ၆၃တွင် မြန်မာနိုင်ငံရှိ လူတစ်ဦးချင်းစီအလိုက်ဝင်ငွေ လက်ရှိအဆင့်များအကြောင်း ပို၍အသေးစိတ်လေ့လာရမည်ဖြစ်သည်။





PAGE 59

- အထွေထွေထောက်ပံ့မှုများတွင် မြန်မာနိုင်ငံရှိ ပြည်နယ်နှင့်တိုင်းဒေသကြီးများသို့ ထောက်ပံ့ သော အဓိကငွေအရင်းအမြစ်တွင် “တန်းတူညီမျှမှု” တိုင်းတာချက်ဆိုင်ရာ အယူအဆ တစ်ချို့ရှိပါသည်။ ဥပမာ ၄င်းသည် ဆင်းရဲမွဲတေမှု ကဲ့သို့သော လိုအပ်ချက်များနှင့် အခွန်ကောက်ခံရန်အကန့်အသတ်များကို ထည့်သွင်းစဉ်းစားထားပါသည်။
- ထောက်ပြထားသကဲ့သို့ “လိုအပ်ချက်စံနှုန်းများ” နှင့် “ဘဏ္ဍာရေးကန့်သတ်ချက်” တို့သည် ၅၀%စီဖြင့် တူညီပါသည်။
- ထိုပုံသေနည်းကို ၂၀၁၅-၂၀၁၆တွင် ဗဟိုအစိုးရမှ ကမ္ဘာ့ဘဏ်၏ကူညီထောက်ပံ့မှုဖြင့် မိတ်ဆက်ခဲ့ပါသည်။
- ၄င်းသည် ယခုထိတိုင်အောင် တန်းတူညီမျှမှုတိုင်းတာချက်ကို အပြည့်အဝလုပ်ဆောင်နိုင်စွမ်းမရှိသေးသော်လည်း ကောင်းမွန်သော ခြေလှမ်းတစ်ခုဖြစ်ပါသည်။
- ပြည်နယ်နှင့်တိုင်းဒေသကြီးတို့အားထောက်ပံ့ငွေများ မည်သို့အလုပ်လုပ်ကြောင်းကို သိရှိနားလည်နိုင်ရန် ၄င်းပုံသေနည်းသည်အလွန်အရေးကြီးပါသည်။





PAGE 60

- ဆလိုက်ထဲရှိ အထွေထွေထောက်ပံ့မှုများ၏ စံသတ်မှတ်ချက်များကို ဖတ်ရှုပါ။
- ပုံသေနည်းထဲတွင် ထိုစံသတ်မှတ်ချက်များသည် တူညီကြောင်း ထောက်ပြပါ။ ဖော်ပြထားသောထိုအချက်များသည် တူညီပြီး စုစုပေါင်းတွင် ဘဏ္ဍာရေးကန့်သတ်မှုနှင့် လိုအပ်ချက်များသည် ၅၀/၅၀ တူညီကြသည်။
- ထိုအရာသည် အထွေထွေထောက်ပံ့မှုများကိုချည်းကပ်ရန်အတွက် နည်းလမ်းတစ်မျိုးဖြစ်ပြီး စံနှုန်းများကိုအသုံးပြုရန်နှင့် ထောက်ပံ့ငွေခွဲဝေခြင်းအတွက် အရေးပါသည့်နေရာသတ်မှတ်ခြင်းတို့အတွက်မှု တစ်ခုတည်းသောနည်းလမ်းမဟုတ်ပေ။
- အထွေထွေထောက်ပံ့မှုများအကြောင်းပိုမိုနားလည်လာစေရန်အတွက် သင်စဉ်းစားရမည့်အရာများမှာ - ထိုစံနှုန်းများသည် မှန်ကန်သည့်စံနှုန်းများဖြစ်ပါသလား။ မည်သည့်အရာများထပ်ဖြည့်ပြီး မည်သည့်အရာများ ဖယ်ထုတ်သင့်သနည်း။ ထိုအချက်များသည် ညီမျှစွာအရေးပါပါသလား သို့မဟုတ် အချို့အချက်များသည် ပိုမိုအရေးပါသင့်ပါသလား။





PAGE 61

- ယခင်က အထွေထွေထောက်ပံ့ငွေများလွှဲပြောင်းပေးခြင်းကို တိုင်းဒေသကြီးနှင့်ပြည်နယ်တို့၏ နှစ်အလိုက် ဘတ်ဂျက်တင်သွင်းခြင်းကို ပြည်ထောင်စုအစိုးရမှသုံးသပ်စီစစ်ခြင်းပါဝင်သည့် “ လိုငွေထောက်ပံ့ခြင်း” ဟုမှတ်ယူခဲ့ကြပါသည်။ ၂၀၁၅-၂၀၁၆ ခုနှစ်မှစ၍ ပုံသေနည်းအခြေခံသည့် နည်းလမ်းကို ဖော်ပြထားသည့်စံနှုန်းများအသုံးပြု၍ ထည့်သွင်းခဲ့သည်။
- ပုံသေနည်းအားအသုံးပြုချိန်တွင် ဖြစ်ပေါ်နိုင်သော ကိစ္စတစ်ခုမှာ ထိုပုံသေနည်းကို ထောက်ပံ့ငွေအစုအတွက် နှစ်စဉ် တိုးပွားလာမှုများတွင်သာလျှင် အသုံးပြုနိုင်ခြင်းဖြစ်သည်။ ဤကဲ့သို့ပင် နှစ်စဉ်နှစ်တိုင်းတိုးပွားလာသည့်ပမာဏသည် ပုံသေနည်းအသုံးချနိုင်သည့် စုစုပေါင်းထောက်ပံ့ငွေအစုပမာဏမဟုတ်ပါ။





PAGE 62

- ဤဆလိုက်တွင် အထွေထွေထောက်ပံ့မှုများကို အသုံးချရာတွင် အချို့သောအဓိကအချက်များကို အကျဉ်းချုပ်ဖော်ပြထားပါသည်။
- ဆလိုက်တွင်ရှိသော အချက်များအားလုံးကို ရှင်းပြပါ။
- ပုံသေနည်းအခြေခံသော ထောက်ပံ့ငွေသည် ကောင်းမွန်သည့်ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်းကိုလည်း ထောက်ပြပါ။ ထည့်သွင်းသည့်အချက်အလက်များ၏အရည်အသွေးတိုးတတ်မှုနှင့် ပုံသေနည်းအားအသုံးပြုရန်အတွက် အချိန်ယူရမည်ဖြစ်သည်။
- ချင်းပြည်နယ်ကဲ့သို့သောအလွန်ဆင်းရဲသည့် နယ်မြေများတွင် ထောက်ပံ့ငွေမှ သိသာသည့်အကျိုးကျေးဇူးများရရှိကြောင်းကို ကျွန်တော်တို့အနေဖြင့်သိရှိထားပါသည်။




PAGE 63

- ကျပ်ငွေညွှန်းကိန်းနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးတို့အား ဦးစားပေးတင်ပြပါ။ ဤပုံပြမျဉ်းတွင် လူတစ်ဦးချင်းစီအလိုက်ဝင်ငွေ၏ အချို့သောပမ်းမျှအဆင့်များကို အမျိုးမျိုးသောမျဉ်းများဖြင့် ဖော်ပြထားပါသည်။
- အစိမ်းရောင်မျဉ်းသည် ရန်ကုန်တိုင်းဒေသကြီးနှင့်မန္တလေးတိုင်းဒေသကြီးတို့၏ ပျမ်းမျှဖြစ်ပြီး အခြားလိုင်းများထက် သိသာစွာမြင့်မားပါသည်။ နောက်တစ်လိုင်းသည် နိုင်ငံ၏ပျမ်းမျှနှုန်းဖြစ်ပါသည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးတို့ရှိ လူတစ်ဦးချင်းစီအလိုက်ဝင်ငွေအားလုံးကို စုပေါင်းထားခြင်းဖြစ်သည်။ ပုံပြမျဉ်းအတွင်းရှိ ထိပ်ဆုံး ၂ ခုနှင့် အောက်ဆုံး၂ ခု ပြည်နယ်နှင့်တိုင်းဒေသကြီးတို့မပါဝင်ဘဲ အောက်တွင်ဖော်ပြထားသည်မှာ ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံးအတွက် ပျမ်းမျှဖြစ်သည်။ ၎င်းတွင် ကရင်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့ပါဝင်ပါသည်။
- ပေးထားသောနိုင်ငံ၏ပျမ်းမျှနှုန်းများမှ နယ်မြေအများအပြားတွင်သိသာထင်ရှားသော ဤကျဆင်းမှုများသည် အရေးပါသော ဘဏ္ဍာရေး ကွဲလွဲချက်နှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် လူတစ်ဦးချင်းစီအလိုက်ဝင်ငွေအတွက် နိုင်ငံ၏ပျမ်းမျှနှုန်းဆီသို့ပိုမိုနီးကပ်စေရန် တန်းတူညီမျှမှုများရရှိရန်အတွက် လိုအပ်ချက်များကို ထောက်ပြပါသည်။




PAGE 64

- သင်တန်းသားများအား အစိမ်းဖျော့ရောင်ရှိ အဓိကတွေ့ရှိချက်များကိုဖတ်ရှုမီ ဇယားတွင်မည်သည့်တို့ကို တွေ့ရှိကြောင်းမေးမြန်းပါ။




PAGE 66


- သင်တန်းသားများအားအဖွဲ့ခွဲပါ။ သင်တန်းသားများအား ဆလိုက်များကို ပြန်လည်ဖတ်ရှုစေပြီး အောက်ပါ မေးခွန်းများကို မြန်မာနိုင်ငံ အခြေအနေနှင့် ကိုက်ညီ၍ ဖြေဆိုစေပါ။ တန်းတူညီမျှမှု ဖြစ်စေရန် ဝင်ငွေမြင့်မားသောပြည်နယ်များသည် ဝင်ငွေ နိမ့်ပါးသော ပြည်နယ်များသို့ ခွဲဝေပေးသင့်ပါသလား။

## အပိုင်း (၄)

# ဖက်ဒရယ်ဘဏ္ဍာရေးစနစ်နှင့် သဘာဝသယံဇာတအရင်းအမြစ်များ





- ဤသင်ခန်းစာသည် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးအစီအစဉ်၊ ၎င်း၏စီးပွားရေးတိုးတက်မှုနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တို့နှင့် သက်ဆိုင်သော အဓိကကိစ္စရပ်ဖြစ်သော ဖက်ဒရယ်ဘဏ္ဍာရေးစနစ်နှင့် သဘာဝအရင်းအမြစ်များကို အထူးပြုပါသည်။
- ဖက်ဒရယ်နိုင်ငံများတွင် သဘာဝအရင်းအမြစ်များသည် မည်သူအကျိုးခံစားခွင့်ရှိသည်နှင့် ပတ်သတ်ပြီး မကြာခဏဆိုသလို တင်းမာမှုများဖြစ်ပေါ်တတ်သည်။ ၎င်းသည် ပြည်နယ်များ အကြား အလျားလိုက် တင်းမာမှုနှင့် ဗဟိုအစိုးရနှင့်ပြည်နယ်များအကြား ဒေါင်လိုက်တင်းမာမှု များပါဝင်ပါသည်။ ၎င်း၏သဘာဝ အရင်းအမြစ်များကို ပြီးပြည့်စုံစွာ စီမန်ခံခွဲနိုင်သော ဖက်ဒရယ်နိုင်ငံတစ်နိုင်ငံမျှမရှိကြောင်း မှတ်သားထားရန် အရေးကြီးပါသည်။  ဖွံ့ဖြိုးပြီးနိုင်ငံများတောင်မှ အငြင်းပွားကြပါသည်။
- ဤသင်ခန်းစာသည် သဘာဝအရင်းအမြစ်များအကြောင်းကို ဖက်ဒရယ်ဘဏ္ဍာရေးစနစ်၏ အကြောင်းအရာတွင်လေ့လာရမည်ဖြစ်သည်။
- ဤသင်ခန်းစာသည် မြန်မာနိုင်ငံအနေဖြင့် ၎င်း၏အခြေခံအရင်းအမြစ်နှင့် ဝင်ငွေများကို မည်သို့စီမံသင့်ကြောင်းအကြံပေးနိုင်ရန်အတွက်သာ ရည်ရွယ်ထားခြင်းဖြစ်သည်။  ၎င်းသည် ဆွေးနွေးမှုများအတွက် ရွေးချယ်စရာများကိုခြုံငုံပေးပါသည်။




PAGE 68

ဤသင်ခန်းစာရှိ ဝေါဟာရအသစ်များကို ထောက်ပြပါ။

- ➔ သဘာဝအရင်းအမြစ်များဆိုင်ရာတာဝန်ဝတ္တရားများ
- ➔ သဘာဝအရင်းအမြစ်များစီမံခန့်ခွဲခြင်းနှင့် ပိုင်ဆိုင်မှု
- ➔ ဤသင်ရိုးညွှန်းတမ်းတွင်ပါဝင်သော အသားတင်ဘဏ္ဍာရေးဆိုင်ရာအကျိုးအမြတ်နှင့် တန်းတူညီ မျှစေမှုတို့၏ အယူအဆများကိုဤသင်ခန်းစာတွင် လေ့လာရမည်ဖြစ်သည်။ ၎င်းသည် ဝင်ငွေ ခွဲဝေမှုနှင့် စီမံခန့်ခွဲမှုနှစ်ခုစလုံးအတွက် မတူကွဲပြားသည့်ချဉ်းကပ်မှုများကို ကြည့်ရှုနိုင်မည်ဖြစ် ပါသည်။





PAGE 72

- ➔ သင်တန်းသားအများစုသည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေရှိ ပုဒ်မ ၂၇ အား သတိထားမိစေရန် အသံထွက်၍ ဖတ်ပြပါ။
- ➔ ပြည်ထောင်စုအစိုးရ၏ ပိုင်ဆိုင်မှုအား အခိုင်အမာ ဖော်ပြချက်များပါရှိပါသည်။ မည်သည်ကိုဆိုလိုခြင်းဖြစ်ကြောင်း ထောက်ပြပါ။ ၎င်းသည် အရင်းအမြစ်များကို မည်သို့စီမံခန့်ခွဲရမည်ကို ဖော်ပြခြင်းဖြစ်ပါသည်။ မည်သို့ပင်ဆိုစေ ထိုအထဲတွင် ဝင်ငွေခွဲဝေမှုအတွက်ဖော်ပြချက် မပါရှိပါ။
- ➔ အရေးကြီးဆုံးအပိုင်းအနေဖြင့် အခြားသောဖက်ဒရယ်နိုင်ငံများတွင် သဘာဝအရင်းအမြစ်ဆိုင်ရာ ဝင်ငွေများခွဲဝေမှုသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပြဋ္ဌာန်းချက်များထက် ဥပဒေနှင့်မူဝါဒများအပေါ် အခြေခံပါသည်။
- ➔ မြန်မာနိုင်ငံတွင် ဗဟိုအစိုးရမှ ပြည်နယ်နှင့်တိုင်းဒေသကြီးများထံသို့ အရင်းအမြစ်ဝင်ငွေခွဲဝေမှု မြင့်တက်ခြင်းသည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေ၏ ပြဋ္ဌာန်းချက်များအတွင်းဖြစ်နိုင်ပါသည်။





PAGE 73

- ➔ ဇယား ၅ သည် ဝင်ငွေများနှင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်များမှ ပေးဆောင်ရသော အခကြေးငွေများအတွက် ဥပဒေပြုစာရင်းဖြစ်ကြောင်း ထောက်ပြပါ။
- ➔ အစိမ်းရောက်အကွက်ထဲရှိ ဇယား ၅ ပြဋ္ဌာန်းချက်များအား ဖတ်ပါ။
- ➔ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်သည့်ဥပဒေ၂၀၁၅ တွင်ထည့်သွင်းထားသော ဝင်ငွေများနှင့် အခကြေးငွေများအတွက် ဥပဒေပြုရေးစာရင်းအတွက် အချက်အလက်များ။ တွင် ရေနံနှင့်သဘာဝဓါတ်ငွေ့နှင့် တွင်းထွက်ပစ္စည်းနှင့် ဓါတ်သတ္တုတူးဖော်ခြင်းကဲ့သို့သော စက်မှုလုပ်ငန်းများအား ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် အခွန်ကောက်ခံမှု အတွက်ပြဋ္ဌာန်းချက်များ ပါဝင်ပါသည်။ မည်သို့ပင်ဆိုစေ ထိုအရာများကို အပြည့်အဝအသုံးချနိုင်ခြင်းမရှိသေးပါ။
- ➔ သင်တန်းသားများအား မေးမြန်းပါ။ ထိုပြဋ္ဌာန်းချက်များကို သင်သတိထားမိပါသလား။ ကိုယ်ပိုင်အရင်းအမြစ် ဝင်ငွေပိုမိုကောက်ခံခြင်းကို ခွင့်ပြုရန်အတွက် ၎င်းတို့ကို မည်သို့အကောင်းဆုံးကိုင်တွယ်နိုင်မည်နည်း။




PAGE 74

- ဖက်ဒရယ်စနစ်ရှိ သဘာဝအရင်းအမြစ်များပဒေသပင်များသည် နိုင်ငံအနှံ့အပြားသို့ မညီမျှစွာခွဲဝေခံရသည်။
- မြန်မာနိုင်ငံ၏ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် သဘာဝအရင်းအမြစ်များခွဲဝေမှုများနှင့် လုပ်ရှားမှုအစီအစဉ်များတွင် မညီမျှမှုအများအပြားရှိပါသည်။
- မြေပုံပါအညွှန်းအားရှင်းပြပါ။ သတ္တုတွင်းလုပ်ငန်းနယ်မြေများကို ဂြိုလ်တုပုံရိပ်များမှတစ်ဆင့် စုဆောင်းပါသည်။ မြေပုံပါအညွှန်းရှိ စက်ဝိုင်းအကြီးအသေးသည် သတ္တုတွင်းပမာဏအနည်း အများကို ဖော်ပြပါသည်။ အကြီးဆုံးစက်ဝိုင်းသည် ၄၄ မှ ၁၆၃ အကြား အရေအတွက်ကို ကိုယ်စားပြုပါသည်။ တြိဂံများသည် စီစဉ်လျက်ရှိသော၊ တည်ရှိနေသောနှင့်ဆောက်လုပ်ဆဲ ရေအားလျှပ်စစ်လုပ်ငန်း နယ်မြေများကိုကိုယ်စားပြုပါသည်။





PAGE 75

- ဤတင်ပြချက်၏နောက်အခန်းတွင် သဘာဝအရင်းအမြစ်များဆိုင်ရာတာဝန်ဝတ္တရားများအတွက် ရွေးချယ်စရာများကို အထူးပြုမည်ဖြစ်ပါသည်။
- ၄ ခုကို ဤနေရာတွင် ဖော်ပြထားပါပြီး (ဆလိုက်ကိုရည်ညွှန်းပါ) ဆက်လက်လေ့လာမည်ဖြစ်ပါသည်။




PAGE 76

- သဘာဝအရင်းအမြစ်များမှ ဝင်ငွေခွဲဝေမှုအတွက် နည်းလမ်းအမျိုးမျိုးရှိပါသည်။ တိုက်ရိုက်လည်းဖြစ်နိုင်သလို သွယ်ဝိုက်၍လည်းဖြစ်နိုင်သည်။
- သွယ်ဝိုက်သည့်ခွဲဝေခြင်းသည် အခြေခံအဆောက်အဦးစီမံကိန်းများ၏ ဘဏ္ဍာရေးကိစ္စများ တွင် ပါဝင်နိုင်ရန်အလားအလာရှိပါသည်။ တိုက်ရိုက်ဝင်ငွေခွဲဝေမှုသည် ဒေါင်လိုက် (ပြည်နယ်/တိုင်းဒေသကြီးမှ ပြည်ထောင်စုသို့ ၊ ပြည်ထောင်စုမှ ပြည်နယ်/တိုင်းဒေသကြီးသို့) နှင့် အလျားလိုက် (ပြည်နယ်/တိုင်းဒေသကြီးမှ ပြည်နယ်/တိုင်းဒေသကြီးသို့) တို့ဖြစ်နိုင်ပါ သည်။




PAGE 78

➔ ထောက်ပြရန်

- အရေးပါသော ကန့်သတ်ချက်တစ်ခုမှာ သဘာဝသယံဇာတနှင့် ပက်သက်သည့် ဝင်ငွေ ခွဲဝေရာတွင် သဘာဝသယံဇာတအရင်းအမြစ်များ၏ ငှားရမ်းခ (သယံဇာတတူးဖော်ခြင်းကုန်ကျစရိတ်များ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကုန်ကျစရိတ်များနှင့် လုပ်အားခဆိုင်ရာကုန်ကျစရိတ်များစသည်တို့ ပေါင်းစုထားသည့် ကုန်ကျစရိတ်အစုအဖွဲ့ကို နုတ်ပြီး ကျန်ငွေ) ပြန်လည်ခွဲဝေခြင်းဖြစ်ပြီး ထိုသယံဇာတများကို ရောင်းဝယ်ရာမှ ရရှိလာသည့် ဝင်ငွေကို ခွဲဝေခြင်းမဟုတ်ပါ။ ဝင်ငွေခွဲဝေခံရသည့်ရင်းမြစ်များမှရရှိသည့်ဝင်ငွေသည် ၁၀၀ ရာခိုင်နှုန်းအောက်တွင်သာရှိသည်။
- အရေးပါသောစဉ်းစားရမည့်အချက်မှာ ကျယ်ပြန့်သောကုန်ကျငွေနှင့်ဝင်ငွေတို့ဖြစ်ပါသည်။
- မြန်မာနိုင်ငံရှိကိစ္စရပ်များကဲ့သို့သော သဘာဝသယံဇာတများပိုင်ဆိုင်မှုကို ဗဟိုချုပ်ကိုင်ထားချိန်တွင် ဘဏ္ဍာရေး အစီအမံများဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများနှင့် ငှားရမ်းခများ မျှဝေခြင်းကို ဟန့်တားနိုင်မည်မဟုတ်ပါ။
- ထိုအရာကို မူလအတိုင်းလုပ်ဆောင်သည်ထက်စာလျှင် ရင်းမြစ်အခြေခံ၍ လုပ်ဆောင်နိုင်ပါသည်။

➔ ထိုနေရာတွင် ဘဏ္ဍာရေးကွာဟချက်ညီမျှစေရန်တိုင်းတာချက်များအတွက် အလားအလာရှိသော ဝင်ငွေခွဲဝေမှုများရှိနေခြင်းကို ထည့်သွင်းစဉ်းစားသင့်ပါသည်။




PAGE 79

➔ ဝင်ငွေခွဲဝေမှုအားချဉ်းကပ်ရန် အခြားနည်းလမ်းမှာ ကုန်ကျစရိတ်ဝေမျှသောအစီအစဉ်များမှ တစ်ဆင့် "လိုအပ်ချက်" အခြေခံသော နည်းလမ်းဖြစ်သည်။ ဥပမာ ထိုနေရာတွင်စီးပွားရေးအရ ကွာဟချက်ရှိနေလျှင်

➔ ဝင်ငွေခွဲဝေခြင်းအတွက် နယ်မြေသုံးခုအားဖော်ပြပါ။




PAGE 80

➔ ဤရုပ်ပုံကားချပ်တွင် နိုင်ငံသား Aနှင့် နိုင်ငံသား B တို့အားဖော်ပြထားပါသည်။ တစ်ဦးသည် အရင်းအမြစ်ချမ်းသာသောပြည်နယ်မှဖြစ်ပြီး ကျန်တစ်ဦးမှာ ဆင်းရဲသော ပြည်နယ်မှဖြစ်သည်။ ဤရုပ်ပုံကားချပ်သည် နိုင်ငံသား A မှ ဝန်ဆောင်မှုများအား မည်သို့ရရှိကြောင်းနှင့် အခွန်အခပေးခြင်းနှင့် သဘာဝ အရင်းအမြစ် များဝင်ငွေများကို ဖြန့်ဝေသောနယ်မြေတွင်နေထိုင်ခြင်းတို့ကို သရုပ်ဖော်ထားပါသည်။ နှိုင်းယှဉ်နိုင်သော ဝန်ဆောင်မှုအဆင့်ကို ရရှိရန်အတွက် နိုင်ငံသားသည် အခွန်ပိုမိုပေးဆောင်ရပါသည်။

➔ တစ်ချို့နိုင်ငံများတွင် တန်းတူညီမျှစေမှုကိုသေချာစေရန်နှင့် နိုင်ငံ၏တရားမျှတမှု ကိုမြှင့်တင်ရန် အတွက် "အမြင့်ဆုံး"အကျိုးကျေးဇူးသည် ဖက်ဒရယ် လွှဲပြောင်းမှုကို ပြည်နယ်ရှိ ဝင်ငွေအရင်း အမြစ်နှင့် ဘက်ညီစေရန်အတွက်အသုံးပြုပါသည်။ (ဥပမာ မြန်မာနိုင်ငံရှိ အထွေထွေထောက်ပံ့မှုများ) "အမြင့်ဆုံး" အကျိုးကျေးဇူးထက် ကျော်လွန်အသုံးပြုခြင်းသည် ဝင်ငွေ၏ အရင်းအမြစ် ၂ခု စလုံးကိုဘက်ညီမှုရှိစေရန်ဖက်ဒရယ်လွှဲပြောင်းမှုအား ယုတ်လျော့စေသည်။

➔ ဤရုပ်ပုံကားချပ်သည် အခွန်စနစ်အတွင်းရှိ ချမ်းသာသော၊ ဆင်းရဲသောအရင်းအမြစ် တန်းတူ ညီမျှစေရန်အတွက်လိုအပ်သော ကိစ္စရပ်များကိုလည်း ထောက်ပြပါသည်။

➔ လက်ခံရရှိသော အကျိုးခံစားခွင့်အားလုံးကို ဘက်ညီမျှနေချိန်တွင် စဉ်းစားရမည့်အခြားသော ကိစ္စရပ်များမှာ ထုတ်ယူမှုများပြုလုပ်သည့်နေရာရှိ အဆိုးသဘောဆောင်သော သဘာဝပတ်ဝန်းကျင်သက်ရောက်မှုများဖြစ်ပါသည်။




PAGE 81

- အစိမ်းဖျော့ရောင်အကွက်ထဲတွင်ရှိသော အကြောင်းအရာများကို ထောက်ပြပါ။
- သဘာဝအရင်းအမြစ်များသည် ဒေသန္တရ၏တာဝန်ဝတ္တရားဖြစ်သောနေရာတွင် တန်းတူညီမျှမှုလိုအပ်ချက်ကိစ္စရပ်များကို ဖြစ်စေသည့် အရေးပါသော ဘဏ္ဍာရေးကွာဟချက်ဖြစ်ပေါ်နိုင်ကြောင်း ထောက်ပြပါ။ ၎င်းသည် အရင်းအမြစ်ချမ်းသာသော ပြည်နယ်မှ အရင်းအမြစ်ဆင်းရဲသောပြည်နယ်သို့ ဝင်ငွေခွဲဝေမှုမှနေ၍ အလျားလိုက်ဖြစ်ပေါ်နိုင်ပါသည်။
- ဝင်ငွေခွဲဝေမှုနိုင်မှုနည်းလမ်း ၃ ခုစလုံးကို ဖော်ပြပါ။




PAGE 82

- သဘာဝအရင်းအမြစ်များဆင်းရဲသောနယ်မြေများအား နိုင်ငံပျမ်းမျှနှုန်းအဖြစ် တန်းတူညီမျှမှုအား ခွင့်ပြုရန်အတွက် အရင်းအမြစ်ဝင်ငွေ အလျားလိုက်ခွဲဝေမှုသည် လူတစ်ဦးချင်းစီအတွက်ဖြန့်ဝေမှုနှင့်တူညီသည့် ဗဟိုအစိုးရ၏ ပိုင်ဆိုင်မှုနှင့်တူညီနိုင်ပါသည်။ ထိုလိုအပ်ချက်သည် ပြည်နယ်နှင့် ဗဟိုအဆင့်ပိုင်ဆိုင်မှု အပြောင်းအလဲများတွင် ထည့်သွင်းစဉ်းစားရမည့်အရာဖြစ်သည်။




PAGE 83

- အကယ်၍၎င်းသည် နိုင်ငံတစ်ဝန်းတန်းတူညီမျှမှုအစီအစဉ်ကို ပံ့ပိုးမည့်ရန်ပုံငွေဖြစ်နေလျှင် သဘာဝအရင်းအမြစ်များကို တိုက်ရိုက်စီမံခွင့်မရှိသော ဗဟိုအစိုးရသည် အဓိကဘဏ္ဍာရေးဝန်ထုတ်ဝန်ပိုးများကို ရင်ဆိုင်ရမည့်အလားအလာများ ရှိနေကြောင်း အာရုံစိုက်ရမည်။
- အရင်းအမြစ်ဝင်ငွေတစ်ခုတည်းကိုသာမကြည့်ရန်အလွန်အရေးကြီးပါသည်။ ကျယ်ပြန့်သောဌာနများ ကိုလည်း ထည့်သွင်းစဉ်းစားရမည်။ အရင်းအမြစ်များနှင့်ဆက်သွယ်သော ကုန်သွယ်ခွန်နှင့် ဝင်ငွေခွန်များသည် မည်သူတို့မှ အကျိုးခံစားခွင့်ရှိပြီး မည်သည့်နေရာမှ ငွေကြေးစီးဆင်းနေသည်ကို နားလည်ရန်အလွန်အရေးကြီးပါသည်။




**PAGE 84**

- ➔ သဘာဝအရင်းအမြစ်များစီမံခန့်ခွဲခြင်း နှင့် ဝင်ငွေခွဲဝေမှုတို့သည် ဒီမိုကရေစီနည်းကျ ဖက်ဒရယ်စနစ်ကျင့်သုံးသော ပြည်နယ်များတွင်တောင်မှ အစဉ်သဖြင့် အငြင်းပွားဖွယ်ရာခေါင်းစဉ်ဖြစ်ကြောင်း အာရုံစိုက်ပါ။
- ➔ သင်တန်းသားများအား မေးခွန်းများအကြောင်းစဉ်းစားရန် အဖွဲ့အတွင်း ဝင်ရောက်ခိုင်းပါ။
- ➔ ရေရှည်အတွက် နှင့် ရေတိုအတွက် မည်သို့လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ သင်ခန်းစာ၏ ရှေ့ပိုင်းများအား ပြန်လည်ဆွေးနွေးခြင်းဖြင့် မေးမြန်းပါ။ ဥပမာအားဖြင့် ဗဟိုအစိုးရနှင့်ပြည်နယ်/တိုင်းဒေသကြီးတို့၏ကြားရှိ ဝင်ငွေခွဲဝေမှုတွင် မည်သည့်ဖွဲ့စည်းပုံအရ ကန့်သတ်ချက်များမှ ရှိမနေလျှင်။ ရေတိုမှ ရေရှည်သို့ ချဉ်းကပ်မှုသည် ယခုအချိန်တွင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအတွင်းမှ ဘာလုပ်နိုင်မည်နှင့် နောင်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြုပြင်ပြောင်းလဲမှုများတွင် မည်သည့်အရာများပြုလုပ်နိုင်မည်ကို အကြံပြုပါ။


အပိုင်း (၅)

# ဖက်ဒရယ်ဘဏ္ဍာရေးစနစ်

# ပြည်သူ့အခြေခံအဆောက်အအုံ၊ ပြည်သူ့ဝန်ဆောင်မှုနှင့် လူ့စွမ်းအားအရင်းအမြစ်




- ➔ ဤသင်ခန်းစာသည် အများပြည်သူဆိုင်ရာအခြေခံအဆောက်အအုံများနှင့် ဝန်ဆောင်မှုများအား ဖက်ဒရယ်စနစ်တွင်ရှိသော ဘဏ္ဍာရေးအစီအစဉ်များမှတစ်ဆင့် မည်သို့ အထောက်အပံ့ပေးနိုင်မည်ကို ထည့်သွင်းစဉ်းစားစေပါသည်။ ဤသင်ခန်းစာသည် ဖွံ့ဖြိုးရေးနှင့် ဒေသန္တရအစိုးရ၏ ကဏ္ဍတို့အား မြှင့်တင်ရန်အတွက် လူမှုရေးအစုအရုံးနှင့်စီးပွားရေးအစုအရုံး တည်ဆောက်ခြင်းကို အလေးပေးလေ့လာစေမည်ဖြစ်ပါသည်။
- ➔ လူမှုရေးအစုအရုံးတည်ဆောက်ရာတွင် ကျန်းမာရေး၊ ပညာရေးနှင့် လူမှုအထောက်အပံ့ပေးရေးစသည်တို့ရှိ ဒေသန္တရအစိုးရ၏ကဏ္ဍများကို အထူးပြုပါသည်။ ၎င်းတို့သည် ဖက်ဒရယ်စနစ်တွင် ဒေသန္တရအစိုးရ၏လုပ်ငန်းတာဝန်များဖြစ်ပါသည်။




PAGE 87

သင်ခန်းစာများအားပြန်နွေးရန်အတွက် အောက်ပါအဓိပ္ပါယ်ဖွင့်ဆိုချက်များအား ထောက်ပြပါ။

→ **သာတူညီမျှမှုနှင့်ထိရောက်မှုဆိုင်ရာ ရည်ရွယ်ချက်များ**
လူထုကို တူညီသော ပြည်သူ့ဝန်ဆောင်မှု (လူမှုအစုအရုံး) ပေးရန်နှင့် ချမ်းသာကြွယ်ဝသော စီးပွားရေးအဖြစ် (စီးပွားရေးအစုအရုံး) မြှင့်တင်ရန် ရည်ရွယ်ချက်နှစ်မျိုး ထားရှိခြင်း

→ **အစိုးရ ဌာနဆိုင်ရာများအကြား ဘဏ္ဍာရေးဆိုင်ရာ ဆက်သွယ်မှု**
အစိုးရ ဌာနဆိုင်ရာများအကြားဘဏ္ဍာရေးဆိုင်ရာ စီမံမှု - ဝင်ငွေဝေမျှခြင်း၊ ထောက်ပံ့ငွေများ၊ လွှဲပြောင်းပေးမှုများ။

→ **ဝင်ငွေခွဲဝေခြင်း**
ပြည်ထောင်စု၏ အခွန်ဝင်ငွေ အစိတ်အပိုင်းအချို့ကို ပြည်နယ်နှင့် တိုင်းဒေသကြီးများကို မျှဝေခြင်း

→ **လူမှုရေးအစုအရုံး**
လူမှုရေး အစီအစဉ်များ - ကျန်းမာရေး၊ ပညာရေး၊ လူမှုအထောက်အပံ့၊ လူမှုအာမခံ စသည့် လူထုရရှိနိုင်သော အရာများ




PAGE 91

→ ဆလိုက်အတွင်းရှိ အဓိကအချက်များကို ပြောကြားပါ။

→ မြေပုံကိုကြည့်ပါ။ ဂြိုလ်တုပုံရိပ်မှတစ်ဆင့်စုဆောင်းထားသည့် လမ်းများ၏ သိပ်သည်းဆများကို မြန်မာနိုင်ငံ၏ပြည်နယ်များအား ဖြတ်၍ ဖော်ပြထားပါသည်။ လမ်းသိပ်သည်းဆအပေါ် မူတည်၍ မြို့နယ်ပေါင်း၃၃၀၏ အဆင့်သတ်မှတ်ချက်များပါဝင်သော မြေပုံပါအညွှန်းကိုထောက်ပြပါ။ ရန်ကုန်တိုင်းဒေသကြီးနှင့် နိုင်ငံအလယ်ပိုင်းရှိ လမ်းသိပ်သည်းဆများသည့်နေရာများကို ပြသပါ။ တရုတ်နိုင်ငံသို့ ကုန်သွယ်လမ်းပေါက်သည့်ရှမ်းပြည်နယ်မြောက်ပိုင်းရှိ မူဆယ်မြို့နယ်ကဲ့သို့သော နယ်မြေသည် ဘေးပတ်ဝန်းကျင်ရှိ နယ်မြေများထက်ပိုမိုမြင့်သော လမ်းသိပ်သည်းဆရှိကြောင်းထောက်ပြပါ။

→ လမ်းသိပ်သည်းဆနည်းပါးသော ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ် နှင့်စစ်ကိုင်းတိုင်းဒေသကြီးတို့ကို လည်း မြေပုံတွင် ထောက်ပြထားပါသည်။




PAGE 92

→ ဆလိုက်အတွင်းရှိ အချက်များကို တင်ပြပါ။ အဆုံးတွင် အမျိုးသားရေးစံချိန်စံညွှန်းများသည် မရှိမဖြစ်မဟုတ်ဘဲ ကျန်းမာရေးနှင့် ပညာရေးပြဌာန်းချက်များ ပြုလုပ်ရန်အတွက် ဖက်ဒရယ်စနစ်အားပုံမှန်ကျင့်သုံးသင့်ကြောင်း ဦးစားပေးတင်ပြပါ။

→ ပြည်နယ်/တိုင်းဒေသကြီးတို့သည် ပြည်ထောင်စုအစိုးရနှင့် ထိုအစီအစဉ်များအတွက် ညှိနှိုင်းဆွေးနွေးရန်လိုအပ်ကြောင်း ထောက်ပြပါ။




PAGE 93

- ➔ လူမှုရေးအစုအရုံးတည်ဆောက်ခြင်းတွင် မြန်မာနိုင်ငံရှိ ပြည်နယ်နှင့်တိုင်းဒေသကြီးတို့၏အခန်းကဏ္ဍများကို လမ်းခင်းခြင်းနယ်ပယ်များတွင် သာမကဘဲ မြှင့်တင်ရန်လိုအပ်ပါသည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေရှိ ဇယား ၂ တွင် ယခုထက်တိုင်အောင်အပြည့်အဝအသုံးချခြင်း မရှိသေးသော ပြည်နယ်နှင့်တိုင်းဒေသကြီးတို့၏နယ်နိမိတ်အခန်းကဏ္ဍများအတွက် ခွင့်ပြုမှုအလားအလာရှိသော ပြဋ္ဌာန်းချက်များပါရှိပါသည်။




PAGE 94

- ➔ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ကျန်းမာရေးကဏ္ဍတွင် "တက္ကသိုလ်" ဟူသောပြဋ္ဌာန်းချက်ပါဝင်ကြောင်း ဦးစားပေးတင်ပြပါ။
- ➔ ၂၀၁၇-၂၀၁၂ မြန်မာတစ်နိုင်ငံလုံးဆိုင်ရာကျန်းမာရေးအစီအစဉ် အရ အပြုသဘောဆောင်သော ခြေလှမ်းများရှိနေပါသည်။ ၎င်းသည် ပဋိပက္ခများကြောင့် ရောက်ရှိရန်ခက်ခဲသောနေရာများရှိ တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းများအပါအဝင် ကျန်းမာရေးဝန်ဆောင်မှုပေးသူများ၏ ကွဲပြားခြားနားချက်များကို အသိအမှတ်ပြုထားပါသည်။





PAGE 95

- ➔ ဖက်ဒရယ်နိုင်ငံများတွင် ပြည်နယ်အဆင့်ကျန်းမာရေးဝန်ဆောင်မှုပေးသော ကျန်းမာရေးဌာနများရှိခြင်းသည် သာမန်ကိစ္စရပ်ဖြစ်ကြောင်း အသားပေးပြောကြားပါ။
- ➔ ထိုဝန်ဆောင်မှုအမျိုးအစားများအတွက် ကုန်ကျစရိတ်များကိုသတိရရန်လည်းအရေးပါပါသည်။ ကျန်းမာရေးဝန်ဆောင်မှုသည် အလွန်ဈေးကြီးပါသည်။
- ➔ သင်တန်းသားများအား ၎င်းတို့အနေဖြင့် ကျန်းမာရေးဝန်ဆောင်မှုများကို ပြည်နယ်/တိုင်းဒေသကြီးအဆင့်တွင် လုပ်ဆောင်သင့်သည်ဟု ယုံကြည်ပါသလားဟု မေးပါ။ အကယ်၍ လုပ်ဆောင်သင့်သည်ဆိုလျှင် မည်သည့် ဘဏ္ဍာရေးအစီအစဉ်များ လိုအပ်သနည်း။
- ➔ "ကုန်ကျစရိတ်ခွဲဝေမှုအစီအစဉ်"ဆိုသည့်အခန်းပါရှိသည့်ဆလိုက်ကို ဖတ်ရှုပြီး အချက် ၂ချက်နှင့် လိုအပ်ချက်များကိုဖြည့်စည်းရန် ပြည်နယ်/တိုင်းဒေသကြီးနှင့် ပြည်ထောင်စုတို့အကြားရှိ ထောက်ပံ့ငွေများ (matching grants) အသုံးပြုမှုတို့ကို ဦးစားပေးတင်ပြပါ။




PAGE 96

- အဓိကအချက်များကိုတင်ပြပါ။
- ပညာရေးအားမည်သူမှ ထောက်ပံ့သည်နှင့် မြန်မာနိုင်ငံတွင် မည်သည့်ဘာသာစကားသည် အငြင်းပွားဖွယ်ရာကိစ္စရပ် ဖြစ်နေကြောင်း မီးမောင်းထိုးပြပါ။ နောက်ဆက်တွဲဆလိုက်များတွင် အစိုးရနှင့်အစိုးရမဟုတ်သော ပညာရေးထောက်ပံ့သူ ၂ မျိုးစလုံးကို လေ့လာရမည်ဖြစ်ပါသည်။
- ပဋိပက္ခဖြစ်နေသောနယ်မြေများတွင် ပြည်နယ်/တိုင်းဒေသကြီးနှင့် အစိုးရမဟုတ်သောပညာရေးထောက်ပံ့သူများအကြားတွင် အားနည်းမှုအများဆုံးသော လူဦးရေဆီသို့ရောက်ရှိရန်ညှိနှိုင်းဆောင်ရွက်မှုသည် အလွန်အရေးကြီးပါသည်။




PAGE 97

- ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပညာရေးကို အခွင့်အရေးတစ်ခုအနေနှင့် ပြည်ထောင်စုအစိုးရ၏အခန်းကဏ္ဍအနေဖြင့် ရည်ညွှန်းထားကြောင်း မီးမောင်းထိုးပြပါ။





PAGE 98

- အထက်ပါပြဋ္ဌာန်းချက်အပြင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံအားပြင်ဆင်ချက် ၂၀၁၅ သည် ပြည်နယ်နှင့်တိုင်းဒေသကြီးတို့အား အခြေခံပညာရေးအခန်းကဏ္ဍတွင် ဆောင်ရွက်ရန်ခွင့်ပြုထားပါသည်။ ထိုရည်ညွှန်းချက်တွင်လည်း ပုံမှန်သုံးစွဲနေကျဖြစ်သော "ပြည်ထောင်စုမှပြဋ္ဌာန်းထားသော ဥပဒေနှင့်အညီ" ဟုပါရှိပါသည်။
- ထိုပြဋ္ဌာန်းချက်များသည် အခြေခံပညာရေးဝန်ဆောင်မှုများတွင် ပိုမိုထိတွေ့ဆက်ဆံမှုများအား ခွင့်ပြုထားသော်လည်း ပြည်ထောင်စုသို့မဟုတ်ပြည်နယ်/တိုင်းဒေသကြီးအစိုးရများမှ ယခုထက်ထိ ဆောင်ရွက်ခြင်းမရှိသေးပါ။





PAGE 99

- ဆလိုက်များကို တင်ပြပြီး ပညာရေးအားထောက်ပံ့ရန်အတွက် ဗဟိုနှင့် ဒေသန္တရအစိုးရတို့အကြား ဖက်ဒရယ်စနစ်အတွင်းရှိ ကုန်ကျစရိတ်ခွဲဝေမှုအစီအစဉ်ကို အသားပေးပြောကြားပါ။
- ဒေသန္တရကွဲပြားခြားနားမှုဆိုင်ရာလိုအပ်ချက်များကို ဖြည့်ဆည်းရန်အတွက် အားလုံးပါဝင်သောပညာရေးစနစ်ကိုလိုအပ်ကြောင်းအသားပေး ပြောကြားပါ။ အစိမ်းရောင်အကွက်ထဲရှိ မွန်ပြည်နယ်အားဥပမာအနေဖြင့် ဝေမျှပါ။




PAGE 100

- ပညာရေးအညွှန်းကိန်းဆိုသည်မှာ ကျောင်းအပ်နှံခြင်း၊ မူလတန်းကျောင်းပညာရေး၊ အလယ်တန်းကျောင်း အောင်မြင်ခြင်းနှင့် စာတတ်မြောက်မှုနှုန်းတို့ကို ဆိုလိုခြင်းဖြစ်ကြောင်း ဦးစားပေးတင်ပြပါ။ ၂၀၁၄ မြန်မာနိုင်ငံသန်းခေါင်းစာရင်းသည် အရင်းအမြစ်ဖြစ်ပါသည်။
- မြို့နယ်မြေပုံနှင့် မြို့နယ်ပေါင်း ၃၃၀ တို့၏ ပညာရေးအဆင့်ကွဲပြားမှုများကို မီးမောင်းထိုးပြပါ။ ပန်းရောင်နုဖြင့်ခြယ်သထားသော ရှမ်းပြည်နယ်ရှိ နိမ့်ပါးသောအဆင့်ကိုပြသပါ။
- ဘားလက်ပွိုင့်များကို ဖတ်ရှုပါ။
- ပညာရေးလိုအပ်ချက်များကို ပစ်မှတ်ထားရန် မြို့နယ်အဆင့်တွင် ပြည်နယ်/တိုင်းဒေသကြီးတို့မှ ပညာရေးအချက်အလက်များကို အသုံးပြုနိုင်ပြီး ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုအဆင့်များအထိပါအနိမ့်ဆုံးအသုံးပြုနိုင်ကြောင်း ဦးစားပေးတင်ပြပါ။ မြို့နယ်ခွဲအဆင့် မြို့ပြ/ကျေးလက်ပညာရေး ပုံပြမျဉ်းအားထောက်ပြပါ။





PAGE 101

- ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအားပြင်ဆင်ချက် ၂၀၁၅ (ဇယား ၂) တွင် ပြည်နယ်နှင့်တိုင်းဒေသကြီးတို့မှ လုပ်ဆောင်နိုင်သော လူမှုအထောက်အပံ့များနှင့် ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးတို့ ပါဝင်ကြောင်းအသားပေးပြောကြားပါ။
- အဖွဲ့အားမေးမြန်းပါ။ သင့်အနေဖြင့် ဤပြဌာန်းချက်များနှင့် လူမှုအထောက်အပံ့များတွင် ပြည်နယ်နှင့်တိုင်းဒေသကြီးတို့၏အခန်းကဏ္ဍများကို မည်သို့နားလည်သနည်း။





PAGE 102

- ဆလိုက်အားတင်ပြပါ။ နိူင်းယှဉ်နိုင်သောဖွံ့ဖြိုးတိုးတတ်ရးနှင့်ဆင်းရဲမှုလျော့ချရေးအစီအစဉ်များကိုထောက်ပံ့ရန် ပြည်နယ်/တိုင်းဒေသကြီးတို့၏ အရည်အချင်းများကို တန်းတူညီမျှစေမည့် ဗဟိုအစိုးရ၏လိုအပ်ချက်များကို အသားပေးပြောကြားပါ။
- သဘာဂဘေးအန္တရာယ်နှင့် ပဋိပက္ခတို့ကြောင့် ခံစားရသူများကို ကူညီထောက်ပံ့ရန်ဖြစ်နိုင်ခြေရှိသော နယ်မြေများ အဓိကအားဖြင့် ပြန်လည် ထူထောင်ရေးအထောက်အပံ့များကို ဦးစားပေးတင်ပြပါ။





PAGE 103

- မြေပုံပါအညွှန်းကို ရှင်းပြပြီး လူနေမှုအဆင့်အတန်းညွှန်းကိန်းတွင် အိမ်ယာပိုင်ဆိုင်မှုနှင့် အိမ်ယာအခြေအနေ အချက်အလက်၁၂ ခုကို ဦးစားပေးတင်ပြပါ။ ၄င်းသည် ချက်ပြုတ်ရန်အတွက် လျက်စစ်မီးရရှိခြင်းနှင့် သန့်ရှင်းသောသောက်သုံးရေ ကြမ်းခင်းအရည်အသွေး (ဂါးမှမြေမှုန့်) နှင့် ဆိုင်ကယ်၊ လက်ကိုင်ဖုန်း စသည့်ပိုင်ဆိုင်မှုများ ပါဂင်ပါသည်။
- ၎င်းသည် လူအများမည်သို့နေထိုင်သည်နှင့် ၎င်းတို့၏ ဘဂအရည်အသွေးတို့ကို တိုင်းတာရန်အလွန်အရေးကြီးပါသည်။
- ဆင်းရဲမှု အဆင့်များနှင့် အိမ်ယာအခြေအနေများကို ထိရောက်စွာပစ်မှတ်ထားရန်အတွက် နေထိုင်မှုအဆင့်အတန်းကို သက်သေအဖြစ်မှတ်ယူနိုင်ပါသည်။
- နောက်ဆုံးပုံပြမျဉ်းသည် မြို့ပြနှင့် ကျေးလက်ဒေသတို့ရှိ အရေးပါသော ကွာဟချက်များကို ဖော်ပြပါသည်။ ၎င်းသည် ဒေသန္တရအဆင့်ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်ကို မည်သို့ဖော်ထုတ်သတ်မှတ်နိုင်မည်နည်း။ မည်သည့် ဘဏ္ဍာရေးအစီအစဉ်များထောက်ပံ့ရန်လိုအပ်မည်နည်း။ ထိုအရာကို ဗဟိုအစိုးရမှ ဆောင်ရွက်လျှင် သို့မဟုတ်ပြည်နယ်/တိုင်းဒေသကြီးတို့မှ ဆောင်ရွက်လျှင် ပိုမိုကောင်းမွန်သောတုံ့ပြန်မှုကိုပေးနိုင်မည်နည်း။ စသည့်မေးခွန်းများကို ဖြစ်ပေါ်စေပါသည်။





PAGE 104

- လူမှုဝန်ဆောင်မှု လုပ်ပိုင်ခွင့် ခွဲဝေမှုအား တိုးပေးခြင်းသည် လူဦးရေပစ်မှတ်အားတိုးမြှင့်ခြင်းအတွက် အလားအလာရှိကြောင်း အသားပေးပြောကြားပါ။
- ကရင်ပြည်နယ်ရှိ လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတတ်မှုအဆင့်အားဖော်ပြသည့် ပုံပြမျဉ်းအား ဦးစားပေးတင်ပြပါ။




PAGE 105

- ထိုပုံပြမျဉ်းသည် နိမ့်ပါးသောဖွံ့ဖြိုးတိုးတတ်မှုအဆင့်များကို ရပ်ကွက်နှင့်ကျေးရွာအုပ်စုအဆင့်ထိတိုင်အောင် ပြသထားကြောင်း မီးမောင်းထိုးပြပါ။ လှိုင်ကော်ကဲ့သို့သော မြို့နယ်တစ်ခုအတွင်းမှာပင် ကျေးရွာအုပ်စုများနှင့်ရပ်ကွက်များအကြား သိသာသော ကွာဟချက်များရှိနေပါသည်။




PAGE 106

- အမျိုးသားဖြစ်ခြင်း၊ အမျိုးသမီးဖြစ်ခြင်း၊ လူငယ်ဖြစ်ခြင်းတို့သည့် ကျွန်တော်တို့ဘဝ၏အခွင့်အရေးများအပေါ် လွှမ်းမိုးသက်ရောက်မှုရှိပါသည်။ မြန်မာနိုင်ငံရှိ အမျိုးသားနှင့် အမျိုးသမီးတို့တွင် ကွဲပြားသော လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးနှင့် ယဉ်ကျေးမှု အဆင့်အတန်းများ ရှိကြသည်။
- ထိုအချက်များကို အစိုးရအနေဖြင့် အမျိုးသားနှင့်အမျိုးသမီးတို့အပေါ် သက်ရောက်မည့် မူဝါဒများသည် ကွဲပြားခြားနားမှုရှိနိုင်ကြောင်းနားလည်ထားရန် လိုအပ်ပါသည်။ အမျိုးသားနှင့်အမျိုးသမီးတို့၏ ကွဲပြားသောလိုအပ်ချက်များကို နားလည်ခြင်းဖြင့် ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုပြဌာန်းချက်များကို ပြုလုပ်နိုင်ပါသည်။
- မညီမျှမှုများကို ပစ်မှတ်ထားရန်နှင့် အမျိုးသမီးများ၏စွမ်းဆောင်ရည် မြှင့်တင်ရန်အတွက် အသုံးချနိုင်သော တိုင်းတာချက်များရှိပါသည်။ ထိုအထဲတွင် တိကျသေချာသော ရည်ရွယ်ချက်အတွက်ထောက်ပံ့ငွေအသုံးပြုမှုလည်း ပါဝင်ပါသည်။
- ပုံပြမျဉ်းအကြောင်းပြောပြီးနောက် ၄င်းသည် ပြည်နယ်နှင့်တိုင်းဒေသကြီးတို့ရှိ အမျိုးသားနှင့်အမျိုသမီးတို့၏ ပညာရေးအဆင့်များကို ယှိုယှဉ်းစေကြောင်း ဦးစားပေးတင်ပြပါ။




PAGE 107

- ဆလိုက်အတွင်းရှိ ဘူးလက်ပွိုင့်များအကြောင်းရှင်းပြပါ။
- သင်တန်းသားများအား ၎င်းတို့အနေဖြင့် အမျိုးသမီးများနှင့် မိန်းမငယ်လေးများ၏စွမ်းဆောင်ရည်မြှင့်တင်မှုအတွက်အစိုးရ၏ အစီအစဉ်များ အကြောင်းသိရှိပါသလားဟု မေးမြန်းပါ။




PAGE 108

- သင်တန်းသားများအား အဖွဲ့ခွဲရန်ညွှန်ကြားပါ။
- လူမှုအစုအရုံးတည်ဆောက်ခြင်း ရှိဆလိုက်အားပြန်လည်ဖတ်ရှုစေပါ။
- လေ့ကျင့်ခန်း၏ရည်ရွယ်ချက်သည် ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် မည်သည့် အာဏာနှင့် တာဝန်ဝတ္တရားများရှိသင့်ကြောင်း စာရင်းပြုစုရန် တစ်ခုတည်းအတွက်မဟုတ်ကြောင်း မီးမောင်းထိုးပြပါ။ ထိုတာဝန်များကို ဘဏ္ဍာရေးအရဆောင်ရွက်ရန်နည်းလမ်းများအား သရုပ်ဖော်ခြင်းဖြစ်ပါသည်။




PAGE 109

- ပထမဆုံးသော အဓိကကျသော အမှာစကားအားအသားပေးပြောကြားပါ။ မြန်မာနိုင်ငံတွင် ဒေသန္တရ အုပ်ချုပ်ရေးရှိသော်လည်း ဒေသန္တရအစိုးရမရှိပါ။ တတိယအလွှာအစိုးရအားတည်ဆောက်ရန်လိုအပ်ပါသည်။ ဖက်ဒရယ်စနစ်အများစုတွင် အစိုးရအလွှာ သုံးခုရှိပါသည်။




PAGE 110

- ငြိမ်းချမ်းရေးအတွက် ညှိနှိုင်းမှုများဆောင်ရွက်နေချိန်တွင် ဒေသန္တရဗဟိုချုပ်ကိုင်မှုလျှော့ချရေးကို တိုးမြှင့်ခြင်းနှင့် တတိယအလွှာ အစိုးရတည်ဆောက်ခြင်း ကြိုးပမ်းမှုကို ပြုလုပ်နိုင်ပါသည်။
- ၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေရှိ ပြဋ္ဌာန်းချက်တွင် ဒေသန္တရအစိုးရအဖြစ်အဓိပ္ပါယ်ဖွင့်ဆိုနိုင်သော ပြဋ္ဌာန်းချက်များပါဝင်ပါသည်။ ဥပမာအားဖြင့် ၂၈၈ - ခရိုင်အဆင့်နှင့် မြို့နယ်အဆင့်တို့၏ အုပ်ချုပ်ရေးကို နိုင်ငံ့ဝန်ထမ်းများအားတာဝန်ပေး ဆောင်ရွက်စေရမည်။ (အခန်း ၅၊ ပုဒ်မ ၂၈၈)
- ထိုပြဋ္ဌာန်းချက်သည် ခရိုင်နှင့်မြို့နယ်များကို "နိုင်ငံ့ဝန်ဆောင်မှု"၏ အုပ်ချုပ်ရေးအာဏာအောက်တွင် ထားရှိခြင်းဖြစ်ပါသည်။ ၎င်းသည် ဝန်ကြီးဌာနများ၏ နိုင်ငံ့ဝန်ထမ်းများမှ အများပြည်သူဆိုင်ရာအစိုးရအနေဖြင့် ဆောင်ရွက်နိုင်မှုအဖြစ် အဓိပ္ပါယ်ဖွင့်ဆိုနိုင်ပါသည်။
- ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဒေသန္တရအုပ်ချုပ်ရေးတွင် GAD ၏ လုပ်ပိုင်ခွင့်များကို ကျယ်ကျယ်ပြန့်ပြန့်ထည့်သွင်းထားခြင်း မရှိသည့်အပြင် GAD သည် အုပ်ချုပ်ရေးအဆင့်များအားလုံးကိုကျော်၍ ပြည်ထဲရေးဝန်ကြီးဌာန၏လက်အောက်တွင်သည် အပြည့်အဝရှိရမည်ဟုလည်း ဖော်ပြထားခြင်းမရှိပါ။

## အပိုင်း (၆)

# ဖက်ဒရယ်ဘဏ္ဍာရေးစနစ်နှင့် မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်




- ➔ ဂင်ငွေခွဲဝေမှုဆိုင်ရာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အပြန်အလှန်ဆွေးနွေးမှုများသည် တစ်ခါတစ်ရံတွင် သဘာဝအရင်းအမြစ်ကိစ္စရပ်များတွင် အလွန်အမင်းအာရုံစိုက်နေသည်။ ပိုမိုကျယ်ပြန့်သော အခွန်အရင်းအမြစ်နှင့် (ပိုင်ဆိုင်ပစ္စည်း၊ ကုန်သွယ်မှု၊ ဂင်ငွေခွန်၊ နှင့် အခွန်တံဆိပ်ခေါင်းများ) ဂင်ငွေခွဲဝေမှုအစီအစဉ်များကို ထည့်သွင်းစဉ်းစားထားသော ပိုမိုဘက်ညီသော ချဉ်းကပ်မှု လိုအပ်ပါသည်။
- ➔ ဖက်ဒရယ်ဘဏ္ဍာရေးစနစ်သည် တန်းတူညီမျှသော ဖက်ဒရယ်စနစ်ဖန်တီးခြင်း၊ လူမှုအစုအရုံးတည်ဆောက်ရန် နှင့် အခွန်ဘက်ညီမှုနှင့် ဂင်ငွေခွဲဝေမှုအတွက် စံပုံစံများတည်ဆောက်ခြင်းတို့အပေါ် အပြန်အလှန်ဆွေးနွေးရန် အဓိကကျပါသည်။
- ➔ ထိုစံပုံစံများသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း ဖက်ဒရယ်ဘဏ္ဍာရေးစနစ်ကို အာရုံစိုက်ပါသည်။




PAGE 114

- ဘူးလက်ပွဲ့ပွိုင့်များအားလုံးကို ဖတ်ပါ။
- ရုပ်ပုံကားချပ်အားရှင်းပြပါ။ ဖက်ဒရယ်ဘဏ္ဍာရေးစနစ်သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း လုပ်ဆောင်လျှက်ရှိသော အဖွဲ့များ၏ ဆုံမှတ်ဖြစ်သည်။ စက်ဝိုင်းများသည် အစိုးရမှ ဦးဆောင် ပြုလုပ်သော ငြိမ်းချမ်းရေးစကားဝိုင်းများရှိ လုပ်ငန်းအဖွဲ့များကိုကိုယ်စားပြုကြောင်း ဦးစားပေးတင်ပြပါ။




PAGE 115

- ဖက်ဒရယ်ဘဏ္ဍာရေးစနစ်ရှိ အခြေခံအုတ်မြစ်များအကြောင်း မိတ်ဆက်သော သင်ခန်းစာ ၁ အားရည်ညွှန်းပါ။
- ထိုအဓိကအယူအဆများသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်းဆွေးနွေးခဲ့ကြသော ကိစ္စရပ်များ၏ နည်းပညာပိုင်းဆိုင်ရာအတိမ်အနက် အထူးသဖြင့် စီးပွားရေးကိစ္စများနှင့် သဘာဝအရင်းအမြစ်များတွင် တိုးတတ်စေရန်အတွက် အရေးကြီးပါသည်။




PAGE 116

- ဆလိုက်များကို မိတ်ဆက်ပါ။ အဖွဲ့အား တန်းတူညီမျှစေမှုသည် ဖက်ဒရယ်စနစ်တွင် အသုံးပြုရန်အတွက် အရေးပါ/ မပါ နှင့် အဘယ်ကြောင့်ထိုသို့ဖြစ်ရကြောင်း မေးမြန်းပါ။





PAGE 117

- ခွဲဝေထားသောအခွန်အခြခံများနှင့် စည်းမျဉ်းဖြစ်သော အခွန်ဘက်ညီမှုရှိစေခြင်း တို့အပေါ် ဥပမာများကို ဦးစားပေးတင်ပြပါ။




PAGE 118

- ဆလိုက်များကို တင်ပြပါ။
- ထောက်ပံ့ငွေသည် အစိုးရအဖွဲ့များအကြား သို့မဟုတ် နိုင်ငံတစ်ကာအဖွဲ့အစည်းများအကြားရှိ ကူညီထောက်ပံ့မှုသို့မဟုတ် ရန်ပုံငွေလွှဲပြောင်းမှု ဖြစ်ကြောင်းအသားပေးပြောကြားပါ။ ဤဆလိုက်သည် အစိုးရမှ အစိုးရသို့ ထောက်ပံ့ငွေကို ရည်ညွှန်းခြင်းဖြစ်ပါသည်။




PAGE 119

- ဆလိုက်များကိုတင်ပြပါ။
- လူသားချင်းစာနာမှုအဖွဲ့အစည်းများမှ စုဆောင်းထားသော ပြည်တွင်းပြောင်းရွှေ့ ထွက်ပြေးရသူများ (IDPs) များကို ကိုယ်စားပြုဖော်ပြထားသော မြေပုံများကို ဦးစားပေးတင်ပြပါ။ ထိုသတင်းအချက်အလက်များသည် ပဋိပက္ခများ သက်ရောက်သည့် ပြည်တွင်းပြောင်းရွှေ့ ထွက်ပြေးရသူများ (IDPs) များအတွက် အထူးရည်ရွယ်ချက်ဖြင့် ထောက်ပံ့မှုများအတွက် အသုံးပြုနိုင်မှု အလားအလာရှိပါသည်။
- ၎င်းသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ဒုက္ခသည်များအားထောက်ပံ့သည့်ပြဌာန်းချက်မှာ ပုံမှန်ဖြစ်ကြောင်း ဦးစားပေးတင်ပြပါ။ ကိုလံဘီယာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် နောက်ဆုံးငြိမ်းချမ်းရေးသဘောတူညီချက်အား လက်မှတ်ရေးထိုးခြင်းမပြုမီ လက်နက်ကိုင် ပဋိပက္ခဘေးဒဏ်သင့် ဒုက္ခသည်ကူညီထောက်ပံ့မှုဥပဒေများရှိပါသည်။
  - ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်သူများသည် ပဋိပက္ခဘေးသင့်လူဦးရေကို သတ်မှတ်ရန် အပါအဝင် ကိစ္စရပ်အများအပြားကို သတ်မှတ်ရန်အတွက် တိကျသေချာသောရည်ရွယ်ချက်ရှိသည့် ထောက်ပံ့ငွေများ သို့မဟုတ် အခြားဒုက္ခသည်ကူညီထောက်ပံ့မှုများအား အသုံးပြုရန် ထည့်သွင်းစဉ်းစားနိုင်ပါသည်။




PAGE 120

- ဆလိုက်များကို တင်ပြပါ။
- သင်တန်းသားများအား ရသုံးငွေစာရင်းပွင့်လင်းမြင်သာမှုရှိခြင်းသည် မည်မျှအရေးပါသနည်း ဟုမေးမြန်းပါ။





PAGE 122

- ဆလိုက်များကို တင်ပြပါ။
- အကယ်၍ အချိန်ရပါက အစိုးရပိုင် စီးပွားရေးလုပ်ငန်းများ SOE ပြုပြင်ပြောင်းလဲခြင်းကို ဆွေးနွေးပါ။ ပြုပြင်ပြောင်းလဲရေးပြင်ပမှ သို့မဟုတ် ညှိနှိုင်းမှုအတွင်း မည်သည့်အရာများပြုလုပ်နိုင်သနည်း။ ထိုလုပ်ငန်းအစီအစဉ်အား သတ်မှတ်ရန် အကောင်းဆုံးနည်းလမ်းမှာ အဘယ်နည်း။





PAGE 124

- ဖက်ဒရယ်နိုင်ငံများအတွက် ၎င်းတို့၏ဖွဲ့စည်းပုံအခြေခံဥပဒေတွင် စီးပွားရေးကိစ္စရပ်များ ပါဝင်နေခြင်းသည် ပုံမှန်မဟုတ်ကြောင်း အသားပေးပြောကြားပါ။ ထိုတိုင်းတာချက်များသည် များသောအားဖြင့် မူဝါဒနှင့် ဥပဒေများအတိုင်း ဆက်လက် လုပ်ဆောင်ရပါသည်။
- ဖွဲ့စည်းပုံအခြေခံဥပဒေပြုပြင်ပြောင်းလဲရေးသည် ဤသင်ရိုးညွှန်းတမ်းတွင်ပါဝင်သော စီးပွားရေးဆိုင်ရာကိစ္စရပ်များအတွက် မလိုအပ်ပေ။
- ဖွဲ့စည်းပုံအခြေခံဥပဒေရှိ ပေါင်းစည်းမှုမရှိသော ပြဋ္ဌာန်းချက်များအတွက် ရှားပါးသော ဥပမာမှာ တန်းတူညီမျှစေမှုအတွက်ပြဋ္ဌာန်းချက်ပါရှိသော ကနေဒါနိုင်ငံ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေဖြစ်ပါသည်။




PAGE 125

- ဆလိုက်အတွင်းရှိ ဖော်ပြချက်များအား တင်ပြပါ။
- သင်တန်းသားများအား ရေတိုအတွက် လုပ်နိုင်ခြေများကို မည်သို့ထင်သနည်း။ ယခုအချိန်တွင် မည်သည့်အရာများလုပ်ဆောင်နိုင်သနည်း။ စသည်တို့ကိုမေးမြန်းပါ။




PAGE 126

- ဆလိုက်များကိုတင်ပြပါ။
- သင်တန်းသားများအား ရေရှည်ပြောင်းလဲခြင်းများအတွက် မည်သည်တို့ကို အရင်လုပ်ဆောင်သင့်သနည်းဟု မေးမြန်းပါ။




PAGE 128

- ဤလေ့ကျင့်ခန်းကို အဖွဲ့လိုက်ပိုင်းထိုင်၍ ပြုလုပ်နိုင်ပါသည်။ အကယ်၍ အဖွဲ့လိုက်ပိုင်း အတွင်း ဆွေးနွေးမှုများပြုလုပ်ခဲ့ပြီးဖြစ်ပါက အဖွဲ့များခွဲ၍ ပြုလုပ်ပါ။
- ဆွေးနွေးမှုမေးခွန်းများကို ထည့်သွင်းစဉ်းစားပါ။
- အကယ်၍ အဖွဲ့သည် "ငြိမ်းချမ်းရေးလုပ်ငန်းစဉ်" အကြောင်းစိတ်ဝင်စားမှုမရှိပါက ၎င်းတို့ကို မြန်မာနိုင်ငံတွင် ဖက်ဒရယ်ဘဏ္ဍာရေးစနစ်အား လုပ်ဆောင်ရန်အတွက် အဓိက ရေတိုနှင့် ရေရှည်ရည်ရွယ်ချက်များမှာ အဘယ်နည်းဟု မေးမြန်းပါ။